ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**အကုသိုလ်မဖြစ်အောင်စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ -၃၆၀)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၅ ရက်၊ သောကြာနေ့။ Friday, 9 August 2024 ၁၁၅၄၄

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H. E. Mr. Deng Xijun အား လက်ခံတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် H.E. Mr. Deng Xijun အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



ကြေးမုံ

# ပြည်ထောင်စုစိတ်ဓာတ်ဖြင့် နိုင်ငံကိုကာကွယ်

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုး တစ်ရာကျော် စုစည်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ရေမြေတောတောင်သဘာဝနှင့် လူမျိုးအားဖြင့် ကွဲပြားကြသော်လည်း လုပ်ကိုင်ဆောင်ရွက်ကြသည့် စီးပွားရေးမှာမူ ခွဲခြား၍မရပေ။ လွတ်လပ်သောနိုင်ငံ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ၏ပင်ကိုသဘာဝတို့အရ နိုင်ငံသားတိုင်းသည် နိုင်ငံအတွင်း လွတ်လပ်စွာ သွားလာနေထိုင်လုပ်ကိုင်ဆောင်ရွက်ခွင့်ရကြသည်။

ထိုသို့ တိုင်းရင်းသားလူမျိုးအသီးသီးတို့ အတူတကွ နေထိုင်ဆက်ဆံ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသဖြင့် အချင်းချင်းချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုတို့ အရှည်တည်တံ့ခိုင်မြဲပြီး ပြည်ထောင်စုကြီး ယနေ့ထက်တိုင် အစွန့်ရှည်တည်တံ့ခိုင်မြဲလျက်ရှိသည်။ မြန်မာနိုင်ငံသားတိုင်းသည် နိုင်ငံအတွင်း မည်သည့်အချုပ်အချယ်ကန့်သတ်မှုမျိုးမှမပါဝင်ဘဲ လွတ်လပ်စွာ သွားလာနေထိုင်ခွင့်၊ လွတ်လပ်စွာကုန်စည်ကူးသန်းရောင်းဝယ်ခွင့် စသည့် နိုင်ငံသားတိုင်း၏ ရပိုင်ခွင့်အခွင့်အရေးများရှိသည်။ နိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်တွင် တိုင်းရင်းသားလူမျိုးများအားလုံး အတူတကွလက်တွဲ၍ လွတ်လပ်စွာ နေထိုင်လာခဲ့ကြသည်။

သို့သော် ဥပဒေမဲ့သောနေရာများနှင့် သောင်းကျန်းသူများ ကြီးစိုးသောဒေသများတွင် အဆိုပါအခွင့်အရေးများ ဆိတ်သုဉ်းကင်းမဲ့လျက်ရှိသည်။ လက်နက်အားကိုးဖြင့် လူလူချင်း အနိုင်ကျင့်နှိပ်စက်မှုခံကြရသည်။ ငါနှင့်မတူ၊ ငါ့လူမျိုးနှင့်မတူသူများ အနိုင်ကျင့်ခံကြရသည်။ လူမျိုးနီးနွယ်တူညီမှု၊ ဘာသာစကားနီးနွယ်တူညီမှု၊ ရာဇဝင်အစဉ်အလာ၊ ယဉ်ကျေးမှုအစဉ်အလာတို့နှင့် အညီအညွတ်ရှိမှုတို့ကို မထောက်ထားဘဲ မြန်မာနိုင်ငံသမိုင်းတွင် ဆိုးရွားသည့် လူမျိုးစွဲ၊ ဝါဒစွဲနှင့် လူမျိုးရေးအမြင်ကျဉ်းမြောင်းသည့် လုပ်ရပ်များကို နိုင်ငံတော်အနေဖြင့် လုံးဝလက်ခံမည်မဟုတ်ပေ။

ရှမ်းပြည်နယ် မြောက်ပိုင်းဒေသသည် တရုတ်နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေပြီး တစ်နိုင်ငံလုံး၏ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ အဓိကဆောင်ရွက်ရာဒေသဖြစ်သည်။ အိမ်နီးချင်းနိုင်ငံကြီးနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးလမ်းကြောင်းပေါ်တွင်ရှိသောကြောင့် ဒေသခံပြည်သူများအနေဖြင့် ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများကို မျှဝေရရှိခဲ့ကြသည်။ ယခုအခါ အဆိုပါအခွင့်အလမ်းများ ပျောက်ကွယ်သွားပြီဖြစ်သည်။ သောင်းကျန်းသူများ အကြမ်းဖက်တိုက်ပွဲဖော်ဆောင်မှုကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ၊ ကလေးငယ်များနှင့်လူငယ်လူရွယ်များ၏ အနာဂတ်ဘဝများ၊ မျှော်လင့်ချက်များ ဆိတ်သုဉ်းတော့မည်ဖြစ်သည်။

သောင်းကျန်းသူများ၏ စစ်ဘုရင်ဝါဒပြန်လည်အသက်သွင်းမှုကြောင့် တစ်ချိန်သောကာလက အမှောင်အတိကျခဲ့သည့် အခြေအနေမျိုးသို့ ပြန်လည်ရောက်ရှိသွားမည်ကို စိုးရိမ်မိသည်။ စစ်ဘုရင်ဝါဒကြီးစိုးခဲ့သည့်ဒေသများတွင် ဥပဒေမဲ့အနိုင်ကျင့်ခံရမှုများ၊ တရားလက်လွတ် သတ်ဖြတ်နှိပ်စက်ခံရမှုများ၊ မှန်ကန်သည့် ရောင်းဝယ်ဖောက်ကားမှုများနေရာတွင် မူးယစ်ဆေးဝါးနှင့် လောင်းကစားများ၊ ပြောင်းနှင့်ဆန်အစား ဘိန်းစိုက်ပျိုးမှုများ၊ လူငယ်လူရွယ်များ စာအုပ်နှင့် ဘောပင်ကိုင်ရမည့်အစား သေနတ်များကိုင်ရင်းနှင့် အမှောင်ဘဝထဲရောက်ကြရမည့် အခြေအနေများကို စိုးရိမ်ပူပန်မိသည်။ တပ်မတော်အနေဖြင့် ပြည်သူများ ထိုအခြေအနေဆိုးမျိုးသို့ ရောက်ရှိသွားမည်ကို လုံးဝလက်ပိုက်ကြည့်နေမည်မဟုတ်ပေ။

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော စစ်ရေးအခင်းအကျင်းသည် သမားရိုးကျအခြေအနေတစ်ရပ်မဟုတ်သည်ကို သတိပြုကြဖို့လိုမည်ဖြစ်သည်။ အကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့အစုအဖွဲ့သက်သက်ထက် ၎င်းတို့ကို အစစအရာရာပံ့ပိုးကူညီဖြည့်ဆည်းပေးနေသော နောက်ခံနိုင်ငံ၊ အဖွဲ့အစည်းများရှိနေ၍ အင်အားကြီးထွားလာခြင်းဖြစ်သည်။ ပြည်ထောင်စုကြီးကို ခြိမ်းခြောက်လာခြင်းဖြစ်သည်။ သောင်းကျန်းသူများနှိမ်နင်းရေးအပြင် ပြည်ထောင်စုကြီးကို ခြိမ်းခြောက်လာသောနောက်ကွယ်မှ အန္တရာယ်များကို မပြတ်သတိရှိဖို့လိုမည်ဖြစ်သည်။ ပြီးခဲ့သည့်ဖြစ်စဉ်များတွင် ပြင်ပကြေးစား နည်းပညာရှင်များနှင့် ပူးပေါင်းပြီး လက်နက်ပစ္စည်းများကို အဆင့်မြှင့်တင်ပြုပြင်ကာ တိုက်ပွဲဖော်ဆောင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် အကြမ်းဖက်သောင်းကျန်းသူများကို တိုက်ခိုက်ချိန်တွင် မြို့တွင်းတိုက်ပွဲများဖြစ်၍ အရပ်သားပြည်သူများ မထိခိုက်စေရန် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများနှင့်အညီ တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်ခဲ့ရသည်။ တပ်မတော်သည် ရရှိပြီးသောလွတ်လပ်ရေး တည်တံ့ခိုင်မြဲစေရန်၊ ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲစေရန် ပြည်သူများ၏ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ ကာကွယ်စောင့်ရှောက်ပေးနေသည်မှာ ယနေ့အထိဖြစ်သည်။ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် နိုင်ငံတော်လုံခြုံရေး၊ ကာကွယ်ရေးအတွက် သမိုင်းအစဉ်အဆက် စွန့်လွှတ်စွန့်စား အသက်ပေးထမ်းဆောင်ခဲ့ကြသူများဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်သည် ပြည်ထောင်စုကြီးကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်ပေးနေသလို ပြည်သူများအနေဖြင့်လည်း ခေတ်အဆက်ဆက်ပေါ်ပေါက်ခဲ့သည် ပြည်ပကျူးကျော်မှုနှင့် ပြည်တွင်းသောင်းကျန်းမှုအမျိုးမျိုးတို့ကို တပ်မတော်နှင့်အတူလက်တွဲ၍ ပါဝင်ခဲ့ကြသည့် အစဉ်အလာကောင်းများအတိုင်း ပြည်ထောင်စုကို နှောင့်ယှက်ဖျက်ဆီးမှုမှန်သမျှ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဦးကျော်ထွေးကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပန်းတောင်းမြို့နယ် စာရေးဆရာအသင်း စာဖတ်ရှုနိုင်မြင့်မားရေး စာပေဟောပြောပွဲကျင်းပ

**ပန်းတောင်း သြဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ပညာရေးမှူးရုံးနှင့် မြို့နယ်စာရေးဆရာအသင်း၊ မြို့နယ်စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့ ပူးပေါင်း၍ အခြေခံပညာအထက်တန်း/ အလယ်တန်းကျောင်းများ စာဖတ်ရှုနိုင်မြင့်မားရေး စာပေဟောပြောပွဲများကို သြဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီက ထုံးဘိုကျေးရွာအခြေခံပညာအထက်တန်းကျောင်း ရဲအောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အခြေခံပညာ အထက်တန်းကျောင်းအုပ်ဆရာမကြီးကိုယ်စား ဆရာ ဦးသောင်းဆွေက အဖွင့်အမှာစကားပြောကြားပြီး စာရေးဆရာများဖြစ်ကြသည့် ဆရာမျိုး (ထုံးဘို)က “ဘိုးဘွားစာပေ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာစိုး (စပယ်မြေ)က “တိုးတက်အောင်မြင်သောဘဝ” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အေးမင်းသူ(တုံးကင်း)က “လူငယ်နှင့် ရသစာပေ” ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

## ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲအခမ်းအနား သြဂုတ် ၂၄ ရက်တွင် ကျင်းပမည်

**ရန်ကုန် သြဂုတ် ၈**

အကြိမ် (၃၀) မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေတစ်သက်တာဆု၊ ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆု၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆု ဆုရရှိသူများစာရင်းကို ဇွန် ၁ ရက်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

အဆိုပါ ဆုရရှိသူများအား ဆုချီးမြှင့်မည့်အခမ်းအနားကို သြဂုတ် ၂၄ ရက် နံနက် ၁၀ နာရီတွင် အမှတ် (၂၂၈) သိမ်ဖြူလမ်း ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမတွင် ကျင်းပမည်ဖြစ်သည်။ ဆုချီးမြှင့်ခံရသူများကို အခမ်းအနားတက်ရောက်ရန် နှိုးဆော်ထားပြီး အသေးစိတ်သိရှိလိုပါက စာပေဗိမာန်ရုံး စီမံရေးရာဌာန ဖုန်း ၀၁-၈၃၈၁၄၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကော့သောင်းမြို့နယ်၌ စီမံကိန်းရန်ပုံငွေပေးအပ်

**ကော့သောင်း သြဂုတ် ၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် တာညံ့ပါဒကျေးရွာ မြစိမ်းရောင်စီမံကိန်းကျေးရွာသို့ ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို သြဂုတ် ၈ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ ထို့နောက် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးဒေါ်စန္ဒာဝင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူးက တာညံ့ပါဒ မြစိမ်းရောင်စီမံကိန်းကျေးရွာလုပ်ငန်းအဖွဲ့ဝင်များသို့ ရန်ပုံငွေလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**၂၂၂**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၈ - ၈ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၉,၀၀၀ | ၄၀၀ | ၃,၅၆၅,၀၀၀ |
| MTSH | ၃,၅၀၀ | ၃,၄၅၀ | ၄,၂၄၃ | ၁၄,၆၈၉,၀၀၀ |
| MCB | ၈,၃၀၀ | ၈,၃၀၀ | ၀ | ၀ |
| FPB | ၁,၇၅၀ | ၁,၈၀၀ | ၁၅၈ | ၂၇၇,၁၅၀ |
| TMH | ၂,၈၀၀ | ၁,၇၅၀ | ၃၅၀ | ၉၈၀,၀၀၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၁,၇၆၇ | ၃,၀၉၅,၂၀၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၂၃၉ | ၁,၀၉၉,၄၀၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၁၉၃ | ၆၅၆,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦ
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

○ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ အခြားငွေကြေးလိမ်လည်မှုနှင့် တရားမဝင်လုပ်ငန်းများ ပပျောက်စေရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်

နေပြည်တော် ဩဂုတ် ၈

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ် အသင်းနှင့် မွန်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြရာ ကချင်ပြည်နယ်အသင်းက မွန်ပြည်နယ်အသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ကောင်စီဝင်များဖြစ်ကြသည့် ဦးရန်ကျော်၊ ဦးရွှေကြိမ်၊ ခွန်စံလွင်နှင့် ဒေါက်တာဘရွှေတို့က **စာမျက်နှာ ၄ သို့ »»**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တက်ရောက်လာကြသူများ ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ကချင်ပြည်နယ် အသင်းနှင့် မွန်ပြည်နယ် အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် အကောင်းဆုံးကစားသမားဆု ရရှိသူတစ်ဦးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် အကောင်းဆုံးကစားသမားဆု ရရှိသူတစ်ဦးအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

»»» စာမျက်နှာ ၃ မှ
အကောင်းဆုံး ဂိုးသမားဆု၊ အကောင်းဆုံး နောက်တန်းအားကစားသမားဆု၊ အကောင်းဆုံးအလယ်တန်း အားကစားသမားဆု၊ အကောင်းဆုံးရှေ့တန်းအားကစားသမားဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု ရရှိကြသူများကို တစ်ဦးချင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ကောင်စီဝင် ဒေါက်တာမှုထန်က စတုတ္ထဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို လည်းကောင်း၊ ကောင်စီဝင် ပိုးရယ်အောင်သိန်းက တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးအသင်းကို လည်းကောင်း၊ ကောင်စီဝင် ဒေါ်ဒွဲဘူက ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းကိုလည်းကောင်း တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက ပထမဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ပြီး အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၂၀ အောက် အမျိုးသား ဘောလုံးပြိုင်ပွဲကို မြန်မာ့ဘောလုံးအားကစား ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ထူးချွန်ထက်မြက်သည့် လူငယ်သွေးသစ်ဘောလုံးသမားများ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ ကျင်းပပေးခဲ့ခြင်းဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်အသင်း ၁၅ သင်းမှ အားကစားသမားများက ဇူလိုင် ၂၃ ရက်မှ ဩဂုတ် ၈ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် စတုတ္ထဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဒုတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းအား တစ်ဦးချင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်စဉ်။

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းဒေသကြီး ဖူဆယ်ဘောလုံးအသင်းအား အောင်နိုင်ရေးအလံပေးအပ်

ပုသိမ် ဩဂုတ် ၈

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းဒေသကြီး ဖူဆယ်ဘောလုံးအသင်းအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်ခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်အား ပြည်နယ်နှင့် တိုင်းဒေသကြီး ဖူဆယ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အုပ်ချုပ်၊ နည်းပြ၊ အားကစားသမားများက တစ်ဦးချင်းမိတ်ဆက်ခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး ဖူဆယ်ဘောလုံးအသင်း အုပ်ချုပ်သူက ပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အားပေးအမှာစကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး ဖူဆယ်ဘောလုံးအသင်းမှ တာဝန်ရှိသူများထံသို့ အောင်နိုင်ရေးအလံနှင့် ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်မည့် တိုင်းဒေသကြီး ကိုယ်စားပြုလူငယ်အဖွဲ့အား တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ပြီး အမှာစကားများ ပြောကြားကာ ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဆီဆိုင်မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံ

ဆီဆိုင် ဩဂုတ် ၈

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များသည် ဆီဆိုင်မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများအား ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံအားပေးစကားပြောကြားပြီး တာဝန်ရှိသူများက အခက်အခဲများ တင်ပြကြရာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးတင်ထူးမောင်နှင့် တာဝန်ရှိများက ဆီဆိုင်မြို့ပေါ်ရှိ ရပ်ကွက်များမှ ဒေသခံပြည်သူများ မြေငှားဂရန်သစ်ခွင့်ပြုပေးနိုင်ရေးအတွက် မြေငှားဂရန်သစ်လျှောက်ထားသည့်နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**





## မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့် တိုက်နယ် အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မအူပင် ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ရပ်ကွက်နှင့်တိုက်နယ် အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအား ယနေ့ညနေ ၃ နာရီက အမှတ်(၃)ရပ်ကွက်ရှိ ပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည်။

ရပ်ကွက်နှင့်တိုက်နယ် အသက် ၂၅ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအား မြို့မတိုက်နယ်ဘောလုံးအသင်းနှင့် ညွန့်ပေါင်း(၃) ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ညွန့်ပေါင်း(၃) ဘောလုံးအသင်းမှ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ပထမဆု ဆုဖလားအားရရှိသွားခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက ပထမဆုရရှိသည့် ညွန့်ပေါင်း(၃)အသင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးထွန်းထွန်းအေးက ဒုတိယဆုရရှိသည့် မြို့မတိုက်နယ်အသင်းနှင့် မြို့နယ်အားကစားမှူးဒေါ်ဇင်မာခိုင်က တတိယဆုရရှိသည့် ရေလဲတိုက်နယ်အသင်းအား ဆုများချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းက ပထမရရှိသည့် ညွန့်ပေါင်း(၃) ဘောလုံးအသင်းအား ဆုဖလားချီးမြှင့်ပေးအပ်ခဲ့ရာ အသင်းနည်းပြနှင့်ကစားသမားများက လက်ခံရယူခဲ့ကြသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**

# MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်

**နေပြည်တော် ဩဂုတ် ၈**

MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် တပ်မတော်ဆေးရုံနှင့် ရပ်ကွက်များအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများနှင့် Drone များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဆေးရုံတွင် တက်ရောက်ကုသမှုခံယူနေကြသည့် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးခဲ့ရပြီး အချို့ကို အဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် ဒေသခံပြည်သူအချို့မှာလည်း ယာယီနေရပ်စွန့်ခွာနေရသည်။

ထိုကဲ့သို့ MNDAA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ စစ်ရာဇဝတ်မှု (War Crime) မြောက်သည့် လူမဆန်စွာရက်စက်ယုတ်မာရိုင်းစိုင်းသောအကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်မခံကြောင်းနှင့် ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း မြန်မာနိုင်ငံကျန်းမာရေးမှုုအသင်းက သဘောထားထုတ်ပြန်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံကျန်းမာရေးမှုုအသင်း၏ သဘောထားထုတ်ပြန်ကြေညာချက်

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့အတွင်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် တိုက်ပွဲဖော်ဆောင်ပြီး တပ်မတော်ဆေးရုံကို ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများ၊ Drone များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူနေကြသော ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မိသားစုဝင်များ ထိခိုက်သေဆုံးရကြောင်း ဝမ်းနည်းစွာကြားသိရပါသည်။

ပြည်သူလူထုအနေဖြင့် မည်သည့်နေရာဒေသ၊ မည်သည့်အခြေအနေတွင်မဆို ဘေးကင်းသော ကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခံစားရမည်ဖြစ်ပါသည်။ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်ပေးနေသည့်ဆေးရုံကို တိုက်ခိုက်ခြင်းအား ဆန့်ကျင်ကန့်ကွက်ပါသည်။

မိခင်နှင့်ကလေးများအပါအဝင် လူနာများနှင့် ကျန်းမာရေးဝန်ထမ်းများအား ထိခိုက်မှုမရှိစေရေး၊ ဘေးကင်းလုံခြုံရေးအတွက် အထူးအလေးထားရှောင်ရှားပေးပါရန် မြန်မာနိုင်ငံကျန်းမာရေးမှုုအသင်းက သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံကျန်းမာရေးမှုုအသင်း**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းနိုင်ရန် ၁-၇-၂၀၂၄ ရက်နေ့ နိုင်ငံပိုင်သတင်းစာများတွင် ဖိတ်ခေါ်ထားရှိခဲ့ပြီး အဆိုပြုလွှာများကို ၃၀-၇-၂၀၂၄ ရက်နေ့အတွင်း ပြန်လည်တင်သွင်းရန် သတ်မှတ်ထားရှိခဲ့ပါသည်။ ရွေးကောက်တင်မြှောက်ခံမည့် ကောင်စီဝင်လောင်းအမည်စာရင်းအား သီးသန့်ထပ်မံကြေညာသွားမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ သတင်းမီဒီယာနည်းဥပဒေများ ၉၊ နည်းဥပဒေခွဲ (က) နှင့် (ခ) အရ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

| | | | |
|---|---|---|---|
| (က) | နေ့ရက် | - | ၁၀-၉-၂၀၂၄ (အင်္ဂါနေ့) |
| ( ခ ) | နေရာ | - | အမှတ်(၂၂၈)၊ သိမ်ဖြူလမ်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ ဗဟိုပုံနှိပ်စက်ရုံဝင်း၊ ပထမထပ်၊ စုဝေးခန်းမ၊ ဗိုလ်တထောင်မြို့နယ်။ |
| ( ဂ ) | အချိန် | - | နံနက်(၁၀:၀၀)နာရီ။ |

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့**

## ကရင်ပြည်နယ်အတွင်း သဘာဝဘေးဒဏ်သင့်ဒေသများရှိ တိရစ္ဆာန်များအတွက် တိရစ္ဆာန်အစာများ ထောက်ပံ့

**ဘားအံ ဩဂုတ် ၈**

ကရင်ပြည်နယ်အတွင်း ရေကြီးရေလျှံမှုဖြစ်စဉ်များကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ တိရစ္ဆာန်များအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်အစာများ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပသည်။




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်း ဇူလိုင် ၂၅ ရက်မှစ၍ မိုးသည်းထန်စွာအဆက်မပြတ်ရွာသွန်းမှုကြောင့် မြစ်ရေကြီးခြင်းနှင့်အတူ ဘားအံမြို့တွင် သံလွင်မြစ်ရေသည် စိုးရိမ်ရေမှတ်အထက် ခုနစ်ပေနီးပါး မြင့်တက်ခဲ့ပြီး ယခုထက်တိုင် စိုးရိမ်ရေမှတ်အထက် ငါးပေ မြင့်တက်နေသေးသည့်အတွက် မြစ်ကမ်းဘေးဒေသများတွင် နေထိုင်သည့် လူနှင့် တိရစ္ဆာန်များပါ ရေဘေးဒဏ်ကိုထိခိုက်ခံစားခဲ့ရကြောင်း၊ ယခုဖြန့်ဝေပေးလိုက်သည့် အစာအိတ်များသည် မွေးမြူသူများအတွက် လိုအပ်ချက်အားလုံးကို မဖြည့်ဆည်းပေးနိုင်သော်လည်း တစ်စိတ်တစ်ပိုင်းအနေဖြင့် အထောက်အကူဖြစ်မည်ဟု ယုံကြည်ကာ အလေအလွင့်မရှိအောင် စနစ်တကျအသုံးပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဝယ်ယူထားသော ငွေကျပ် ၇၅ သိန်း တန်ဖိုးရှိ ကျွဲ၊ နွားအစာအိတ် ၅၀ ကီလိုဂရမ်ပါ အိတ် ၁၅၀ ကို သဘာဝဘေးဒဏ်သင့် ဘားအံမြို့နယ်ရှိ ကျေးရွာအုပ်စုရှစ်အုပ်စုမှ တောင်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြရာ မွေးမြူရေးတောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် တိရစ္ဆာန်အစာအိတ် ၅၅၀ နှင့် ဆေး ၁၃ မျိုးပါ အတွဲ ၁၂ တွဲတို့ကို ရေဘေးသင့်တိရစ္ဆာန်များအတွက် ထောက်ပံ့ပေးခဲ့ပြီး အစာအိတ် ၃၀၀ ကို ထပ်မံထောက်ပံ့ပေးသွားနိုင်ရေးစီမံဆောင်ရွက်လျက်ရှိကာ တိရစ္ဆာန်များအတွက် လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## မင်္ဂလာဒုံမြို့နယ်၌ တိရစ္ဆာန်အစာပေါ်များစေရန် ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ခြင်းသရုပ်ပြပွဲ ပြုလုပ်

**မင်္ဂလာဒုံ ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်တွင် တိရစ္ဆာန်အစာပေါ်များစေရန်ရည်ရွယ်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သဃ်န်းကျွန်းကြီးကျေးရွာတွင် နွားမွေးမြူသူတစ်ဦး၏ နွားခြံ၌ ကောက်ရိုးကို ယူရီးယားဖြင့်ပြုပြင်ခြင်း သရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။



အဆိုပါသရုပ်ပြပွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြောက်ပိုင်းခရိုင် ဦးစီးမှူး ဒေါက်တာနီလာလတ်၊ ပျဉ်းမပင်ခြံများ နယ်မြေတာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာသက်နိုင်ဦး၊ မင်္ဂလာဒုံမြို့နယ်မှ ဦးစီးအရာရှိ ဒေါက်တာနေခြည်နွေးနှင့် ရွှေပြည်သာမြို့နယ်တာဝန်ခံ ဒေါက်တာခင်ခင်ကြီးတို့က ကောက်ရိုးကို ယူရီးယားဖြင့် ပြုပြင်ကျွေးမွေးခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး လက်တွေ့သရုပ်ပြ ဆောင်ရွက်ခဲ့ကာ လက်ကမ်းစာစောင်များ ဖြန့်ဝေပေး ခဲ့ကြောင်း သိရသည်။

**မင်းသိန်းထွန်း**

## လှည်းကူးမြို့နယ်၌ မြို့နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အခြေခံကဗျာလွတ်အကပြိုင်ပွဲ ကျင်းပ

**လှည်းကူး ဩဂုတ် ၈**

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအခြေခံ ကဗျာလွတ်အကပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက အခြေခံပညာ အထက်တန်းကျောင်း (လှည်းကူး) အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ အဖွဲ့ဝင် (၂) ဦးခင်ဇော်တို့က အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်အုန်းဝင်းက အမှတ်ပေး စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်များက ယှဉ်ပြိုင်ကြရာ အထက (အင်းတိုင်) ကျောင်းမှ ပထမဆု၊ အထက (ခွဲ) ငွေနံ့သာ (စံပြ) ကျောင်းမှ ဒုတိယဆုနှင့် အလက (ခွဲ) ဆင်ဖုန်မြောက်ကျောင်းမှ တတိယဆုများရရှိခဲ့ပြီး တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**



အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ဂုဏ်ပြုဆောင်းပါး

# အစဉ်အလာတည်စေ့ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့

## စိန်ငွေးလှိုင်(ဟိုပုံးမြေ)

"ယနေ့လူငယ်နောင်ဝယ်လူကြီး၊ သင်လည်းတစ်ဦး သားထူးသားမြတ်၊ ဖြစ်အပ်ရာသည် ရှေ့သို့ရည်၍၊ ငိုမြည်မတ သံခါရဟု စိတ်ကမစော လောလော ဆယ်ဆယ်၊ ဒုက္ခနယ်ကို ကယ်တင်နိုင်ကြပါစေသတည်း"လို့ ဆရာဇော်ဂျီက "အို တက်လူတို့" ကဗျာမှာ ရေးသားခဲ့ပါတယ်။ လူငယ်ဆိုတာက နောင်တစ်ချိန်မှာ လူကြီးအရွယ်ကိုရောက်ရှိမှာဖြစ်လို့ ထူးချွန်ထက်မြက်ရပါမယ်။ သံခါရသဘောတရားအရ ဒုက္ခကြုံတွေ့နေရတဲ့လောကကြီးကို ကယ်တင်နိုင်ပါစေလို့ ဆန္ဒပြုရေးဖွဲ့ထားတာ ဖြစ်ပါတယ်။ "လူငယ်ဆိုသည်မှာ အသက်အပိုင်းအခြား ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ မြန်မာနိုင်ငံသားများကိုဆိုလိုသည်"လို့ မြန်မာနိုင်ငံရဲ့ လူငယ်ရေးရာမူဝါဒမှာ ပြဋ္ဌာန်းထားရှိပါတယ်။ လူငယ်ဆိုတဲ့စကားအတိုင်း ငယ်ရွယ်နုပျိုတာ၊ သွက်လက်ဖျတ်လတ်တာ၊ စူးစမ်းလေ့လာလိုစိတ်ရှိတာ၊ ကာယအား၊ ဉာဏအား အပင်ပန်းခံနိုင်တာ စတဲ့အရည်အချင်းတွေ ရှိကြပါတယ်။

မြန်မာမှုနယ်ပယ်မှာ လူငယ်တွေဟာ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ မိတ္တဗလ၊ ဘောဂဗလဆိုတဲ့ ဗလငါးတန်နဲ့ ပြည့်စုံနေရမယ်လို့ ဆိုထားပါတယ်။ တစ်နည်းအားဖြင့် လူငယ်တို့ဟာ ကာယဗလကြံ့ခိုင်ကာ ကျန်းမာရေးကောင်းရပါမယ်။ ကျန်းမာရေးကောင်းမွန်မှသာ မိမိအကျိုး သူတစ်ပါးအကျိုးကို လုပ်ဆောင်နိုင်ပါမယ်။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်အောင် ကြိုးစားရပါမယ်။ လောကမှာဖြစ်ပျက်နေတဲ့ အရှိတရားကို ဆင်ခြင်တုံတရားနဲ့ ချိန်ဆပြီး မိမိဘဝတိုးတက်ရေးကို ရှေးရှုကာ ပညာဗဟုသုတ ရှာမှီးရပါမယ်။ မပြုလုပ်ဖို့တားမြစ်ထားတာကိုမပြုလုပ်ဘဲ လုပ်သင့်လုပ်ထိုက်တာကို ပြုလုပ်ရမယ်ဆိုတဲ့ အကျင့်စာရိတ္တကောင်းလည်း ရှိသင့်ပါတယ်။ မိမိအခက်အခဲကို ဆောင်ရွက်ပေးတဲ့ မိတ်ကောင်းဆွေကောင်းလည်း ရှိရပါမယ်။ ဘဝခရီးအတွက် နေထိုင်လုပ်ကိုင်စားသောက်ရာမှာ စည်းစိမ်ဥစ္စာဟာ အရေးပါတာကြောင့် ဥစ္စာရှိဖို့ရာ အလုပ်တာဝန်တွေ ကို ကြိုးစားပမ်းစားလုပ်ဆောင်ရပါမယ်။ လူငယ်ဆိုသည်မှာ နိုင်ငံတော်အတွက် စွမ်းအားသစ်အဖြစ်ထွက်ပေါ်လာမယ့် သားကောင်းရတနာတွေဖြစ်ကြပါတယ်။

### မျိုးဆက်သစ်လူငယ်တွေရဲ့ အစွမ်းကိုအသုံးချ

ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးက အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကြီး ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ကြရာမှာ မျိုးဆက်သစ်လူငယ်တွေရဲ့ အစွမ်းကိုအသုံးချကြပါတယ်။ ကမ္ဘာ့ကုလသမဂ္ဂရဲ့ (၅၄) ကြိမ်မြောက် အစည်းအဝေးမှာ ဩဂုတ်လ ၁၂ ရက်နေ့ကို "အပြည်ပြည်ဆိုင်ရာလူငယ်များနေ့" (International Youth Day) အဖြစ် သတ်မှတ်ထားရှိပါတယ်။ "လူငယ်များ၏ မျက်မှောက်ကာလတွင် ရင်ဆိုင်နေရသော အခက်အခဲများကို ဖြေရှင်းပေးရန်၊ ကမ္ဘာ့လူငယ်များအတွက် အစီအစဉ်များကို နိုင်ငံတကာမှ အာရုံစိုက်လာစေရန်၊ လူငယ်တို့၏ စွမ်းပကား တိုးတက်မြင့်မားစေရန်" ဆိုတဲ့ ရည်ရွယ်ချက်တွေချမှတ်ကာ သတ်မှတ်ခဲ့ပါတယ်။ ကုလသမဂ္ဂက နှစ်စဉ်နှစ်တိုင်း အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဆောင်ပုဒ်ချမှတ်ပေးကာ နိုင်ငံအသီးသီးမှာ သီချင်းဆိုပွဲနဲ့ လူငယ်စကားဝိုင်း စတဲ့လူငယ်အခမ်းအနားတွေကို ကျင်းပကြပါတယ်။




မြန်မာနိုင်ငံမှာ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားတွေကို ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေမှာ ကျင်းပပေးပြီး လူငယ်ရေးရာမူဝါဒဆွေးနွေးပွဲ၊ လူငယ်စကားဝိုင်းဆွေးနွေးပွဲ၊ အထိမ်းအမှတ်သစ်ပင်စိုက်ပွဲ၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က ပေးပို့တဲ့သဝဏ်လွှာဖတ်ကြားခြင်းနဲ့ ထူးချွန်ဆုရလူငယ်တွေကို ဂုဏ်ပြုချီးမြှင့်မှုတွေ ဆောင်ရွက်ကြပါတယ်။

ကုလသမဂ္ဂစာရင်းအရ ကမ္ဘာပေါ်မှာလူငယ်ဦးရေ ၁ ဒသမ ၂ ဘီလီယံခန့်ရှိပြီး ကမ္ဘာ့လူဦးရေရဲ့ ၁၆ ရာခိုင်နှုန်းရှိပါတယ်။ လူငယ်ထုရဲ့ ၈၅ ရာခိုင်နှုန်းက ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ နေထိုင်ကြပါတယ်။ လူငယ်အနည်းစုကသာ လူမှုအသိုက်အဝန်းမှာဝင်ဆံ့ပြီး လိုအပ်တဲ့ပညာရေးနဲ့ အခြားဝန်ဆောင်မှုတွေကို ရရှိကြပါတယ်။ လူငယ်အများစုမှာ ဆင်းရဲနွမ်းပါးမှု၊ ပညာရေးနဲ့ ကျန်းမာရေးနိမ့်ကျမှု၊ ကျား/မ တန်းတူ မညီမျှမှု၊ မူးယစ်ဆေးဝါးအန္တရာယ်၊ အကြမ်းဖက်မှု၊ စစ်မက်ဖြစ်ပွားမှု၊ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုတွေ ရင်ဆိုင်နေရကြောင်း လေ့လာသိရှိရပါတယ်။ အခုလိုအခက်အခဲတွေရှိသလို တစ်ဖက်မှာလည်း တိုးတက်မှုအခွင့်အလမ်းတွေ ရရှိနေကြပါတယ်။

### လူငယ်ရေးရာမူဝါဒကို ရေးဆွဲပြဋ္ဌာန်း

လူငယ်တွေဘဝဖွံ့ဖြိုးတိုးတက်စေဖို့ သက်ဆိုင်ရာ နိုင်ငံအလိုက် ဆောင်ရွက်နေကြပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၇ ခုနှစ် နိုဝင်ဘာလက အခြေခံမူကိုးချက်နဲ့ ရည်ရွယ်ချက် ၁၅ ချက်ပါဝင်တဲ့ "လူငယ်ရေးရာမူဝါဒ"ကို ရေးဆွဲပြဋ္ဌာန်းခဲ့ပါတယ်။ လူငယ်ရေးရာမူဝါဒဆိုတာဟာ နိုင်ငံအတွင်းရှိလူငယ်တွေရဲ့ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ ဖွံ့ဖြိုးမှု စတဲ့အနာဂတ်အလားအလာကောင်းတွေကို ဖြည့်ဆည်းပေးနိုင်မယ့် မဟာဗျူဟာလမ်းညွှန်ချက်ကို ခေါ်ဆိုပါတယ်။ လူငယ်တွေလိုအပ်နေတဲ့ လူသားအရင်းအမြစ်နဲ့ ဝန်ဆောင်မှုတွေကို သန္နိဋ္ဌာန်ချဆောင်ရွက်ပေးနိုင်ဖို့ စနစ်တကျ ဖော်ညွှန်းထားတဲ့ မူဝါဒတစ်ခု ဖြစ်ပါတယ်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၂ ခုနှစ် ဇွန်လ ၂၄ ရက်နေ့မှာ "မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ"ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပါတယ်။ "လူငယ်များ မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိစေကာ နိုင်ငံ့သားကောင်းများဖြစ်လာစေရန်"ဆိုပြီး ရည်ရွယ်ဖွဲ့စည်းခဲ့ပါတယ်။

လူငယ်တို့ရဲ့စွမ်းရည်တွေ မြင့်မားထူးချွန်စေဖို့ရာ လူရည်ချွန်စီမံကိန်းကို ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းစီမံကိန်းကို ၁၉၆၄ ခုနှစ်မှာစတင်ခဲ့ပြီး ငပလီနဲ့ ရန်ကုန်မြို့တို့မှာ လူရည်ချွန်စခန်းတွေ စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အဲဒီနောက် အင်းလေး ခေါင်တိုင်နဲ့ ပွဲကောက်ရေတံခွန်တို့မှာ ဖွင့်လှစ်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မှာ (၂၅) ကြိမ်မြောက် ငွေရတု စီမံကိန်းကို ဆောင်ရွက်ခဲ့ပါတယ်။ နောက်ပိုင်းကာလတွေမှာ ဒီအစီအစဉ်ကို ရပ်နားခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ ပြန်လည်ဆောင်ရွက်ခဲ့ရာ "ဘက်စုံပညာထူးချွန်လူငယ်စီမံကိန်း"လို့ ခေါ်ဆိုပြီး ၂၀၁၈ ခုနှစ်မှာ "လူရည်ချွန်စီမံကိန်း"လို့ သတ်မှတ်ခဲ့ပါတယ်။ "ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များပေါ်ထွန်းလာစေရန်၊ ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာစေရန်၊ နိုင်ငံ့သားကောင်းများ ပေါ်ပေါက်လာစေရန်" စတဲ့ ရည်ရွယ်ချက်တွေ ထားရှိပါတယ်။ လူရည်ချွန်စီမံကိန်းကို ၂၀၁၉-၂၀၂၀ ပညာသင်နှစ်မှာ ဆောင်ရွက်ခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ၂၀၂၀-၂၀၂၂ ပညာသင်နှစ်မှာ ရပ်နားခဲ့ရပါတယ်။ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်မှာ ဆက်လက်ဆောင်ရွက်ခဲ့ရာ အဋ္ဌမတန်း ၁၆၀၊ ဒသမတန်း ၁၆၀ နဲ့ ကောဒသမတန်း ၁၅၈ ဦး စုစုပေါင်းလူရည်ချွန် ၄၇၈ ဦးကို မွေးထုတ်ခဲ့ပြီး ငွေဆောင်၊ ပုဂံ၊ အင်းလေး၊ ပုသိမ်၊ ပုပ္ပား၊ တောင်ကြီးနဲ့ ရန်ကုန်မြို့တို့ကို လေ့လာရေးခရီး စေလွှတ်ခဲ့ပါတယ်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှာ နဝမတန်း ၁၄၀၊ ဒသမတန်း ၁၄၀၊ ကောဒသမတန်း ၁၃၇ ဦး၊ ဒွါဒသမတန်း ၁၃၇ ဦး စုစုပေါင်းလူရည်ချွန်ကျောင်းသား ကျောင်းသူ ၅၅၄ ဦးကို မွေးထုတ်ပေးခဲ့ပြီး ပုဂံ၊ တောင်ကြီး၊ ငွေဆောင်၊ ချောင်းသာမြို့တို့ကို လေ့လာရေးခရီး စေလွှတ်ခဲ့ကြောင်း သိရှိရပါတယ်။

### ရေကြောင်း၊ လေကြောင်းပညာကျွမ်းကျင်တဲ့လူငယ်တွေ ပေါ်ထွန်းလာစေဖို့ သင်တန်းတွေ ဖွင့်လှစ်

မြန်မာနိုင်ငံရှိ မျိုးဆက်သစ်လူငယ်မောင်မယ်တွေထဲက ရေကြောင်း၊ လေကြောင်းပညာကျွမ်းကျင်တဲ့လူငယ်တွေ ပေါ်ထွန်းလာစေဖို့ တပ်မတော်(ရေ)နဲ့ တပ်မတော်(လေ)တို့က သင်တန်းတွေ ဖွင့်လှစ်ပို့ချပါတယ်။ ၂၀၂၃ ခုနှစ် ရေကြောင်းလူငယ်သင်တန်း ၁၁ ခုမှာ ၇၁၂ ဦး၊ လေကြောင်းလူငယ်သင်တန်း ၁၇ ခုတို့မှာ ၆၈၀ တက်ရောက်ခဲ့ပါတယ်။

စာမျက်နှာ ၇ သို့ ❖


၂၀၂၄ ခုနှစ် လေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းသားများ လေယာဉ်ပျံသန်းမှု အခြေခံသဘောတရားဘာသာရပ်ကို ကွင်းဆင်းလေ့လာစဉ်။

**"ယနေ့ကမ္ဘာပေါ်မှာ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါ စတဲ့ ကမ္ဘာ့ရေးရာပြဿနာတွေ ပေါ်ပေါက်နေပါတယ်။ ဒါ့ပြင် လူသားတို့ကြောင့် ရာသီဥတုမညီမျှမှု၊ အစွန်းရောက်မှု၊ သဟဇာတပျက်ပြားမှုတွေကလည်း ကမ္ဘာ့အန္တရာယ်အဖြစ် တွန်းပို့နေပါတယ်။ လူငယ်စွမ်းအားဟာ မျက်မှောက်ကာလအခက်အခဲတွေ ဖြေရှင်းရာမှာ အရေးပါပါတယ်။ လူငယ်တွေဟာ အနာဂတ်နိုင်ငံတော်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြရပါမယ်။ နိုင်ငံတစ်ခုတိုးတက်ပြောင်းလဲဖို့ ဖော်ဆောင်ရာမှာ လူငယ်တွေရဲ့စည်းလုံးမှု၊ ဦးဆောင်နိုင်မှုတို့နဲ့ ပူးပေါင်းတည်ဆောက်"**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနား၊ လူငယ်ဖိုရမ်နှင့် လူငယ်လေ့လာရေးခရီးစဉ်များသို့ နေပြည်တော်ကိုယ်စားပြု တက်ရောက်မည့် လူငယ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၈

၂၀၂၄ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနား၊ လူငယ်ဖိုရမ်နှင့် လူငယ်လေ့လာရေးခရီးစဉ်များသို့ နေပြည်တော်ကိုယ်စားပြု တက်ရောက်မည့် လူငယ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ နေပြည်တော်ကိုယ်စားပြုတက်ရောက်မည့် လူငယ်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



### ပြောကြား

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လူငယ်များအနေဖြင့် မိမိတို့ လေ့လာသိရှိမှတ်သားထားသည့် အချက်များ၊ အတွေ့အကြုံများ၊ ဗဟုသုတများကို အကောင်းဆုံးတင်ပြဆွေးနွေးကြရန် လိုအပ်ကြောင်း၊ ဆွေးနွေးအကြံပြုချက်များကို သေချာစွာ လေ့လာမှတ်သားထားပြီး မိမိတို့ဘဝတက်လမ်းအတွက်သာမက နေပြည်တော်ရှိလူငယ်များ ဘဝရှေ့ရေးအတွက် အကောင်းဆုံး အကောင်ထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနား၊ လူငယ်ဖိုရမ်နှင့် လူငယ်လေ့လာရေးခရီးစဉ်များမှ ရရှိလာမည့် အတွေ့အကြုံ ဗဟုသုတများ၊ အသိပညာများကို မိမိတို့နှင့် သက်ဆိုင်သည့်နယ်ပယ်များ၌ ထပ်ဆင့်ပြန်လည်မျှဝေပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်လူငယ်ရေးရာဦးစီးဌာန တိုင်းဦးစီးမှူး ဦးကြည်စိုးလင်းက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနား၊ လူငယ်ဖိုရမ်နှင့် လူငယ်လေ့လာရေးခရီးစဉ်များ၏ အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနား၊ လူငယ်ဖိုရမ်နှင့် လူငယ်လေ့လာရေးခရီးစဉ်များနှင့်စပ်လျဉ်း၍ စီစဉ်ဆောင်ရွက်ထားရှိမှု အခြေအနေများ ဖြည့်စွက်ဆွေးနွေးတင်ပြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားသို့ တက်ရောက်မည့် လူငယ်များကို ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်သည်။

မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ယင်းနောက် နေပြည်တော်ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တရားမဝင်ကုန်ပစ္စည်းများကို စဉ်ဆက်မပြတ် စစ်ဆေးဖော်ထုတ်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး အလေးထားကြပ်မတ်ဆောင်ရွက်စေလိုကြောင်း၊ နေပြည်တော်အတွင်း ကုန်စည်စီးဆင်းမှုမှန်ကန် မြန်ဆန်စေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်စေရေးနှင့် တရားမဝင်ကုန်သွယ်မှုများ မရှိစေရေးတို့အတွက် ဌာနဆိုင်ရာများက ဝိုင်းဝန်းပူးပေါင်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးက နေပြည်တော်အတွင်း တရားမဝင်ကုန်သွယ်ရေးလုပ်ငန်းများ မရှိစေရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကုန်သွယ်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းက နေပြည်တော်အတွင်း ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များက နေပြည်တော်အတွင်း ကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကုန်စည်စီးဆင်းမှုမှန်ကန်စေရေးနှင့် ကုန်ဈေးနှုန်း တည်ငြိမ်စေရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

## ကျိုက်ထိုမြို့ အထက(ရွှေဥဩ) ၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ပြုလုပ်

ကျိုက်ထို ဩဂုတ် ၈

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် လူငယ်/လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ကျိုက်ထိုမြို့ အခြေခံပညာ အထက်တန်းကျောင်း (ရွှေဥဩ) ၌ ကျင်းပသည်။



### ဆွေးနွေးပြောကြား

ဦးစွာ အထက(ရွှေဥဩ) မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းသန်းနှင့် စာပေချစ်သူများအသင်း (Book Club) အဖွဲ့မှ အဖွဲ့ဝင် ဦးလှထွန်းတို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လူငယ်စကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းစာပညာရပ်များသာမက ဗလငါးတန်နှင့်ပြည့်စုံရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး အသိဉာဏ်ဖွံ့ဖြိုးသူများဖြစ်စေရန် ပြင်ပစာအုပ်၊ စာပေတို့ကို လေ့လာခြင်းဖြင့် နိုင်ငံ့သားကောင်း လူငယ်များဖြစ်လာရေးတို့ကို ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍အထက(ရွှေဥဩ) မှ Grade – 11 ကျောင်းသူ မရတနာသင်းက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး အထက(ရွှေဥဩ)ကျောင်းမှ Grade– 12 ကျောင်းသား မောင်ရွှေတိုး၊ Grade– 10 ကျောင်းသား မောင်ထက်ဝေယံနှင့် Grade– 10 ကျောင်းသူ မကြယ်စင်လင်းတို့က "လူငယ်နှင့်ရည်မှန်းချက်"၊ "လူငယ်နှင့်အောင်မြင်မှု"၊ "လူငယ်နှင့်အလင်းရောင်" ခေါင်းစဉ်တို့ဖြင့် ၎င်းတို့ ဖတ်ရှုလေ့လာထားသည့် စာရေးသူ၏ ဆိုလိုရင်းနှင့် ၎င်းတို့၏ အတွေ့အကြုံများ၊ အတွေးအခေါ်တို့ကို ကျယ်ကျယ်ပြန့်ပြန့် မျှဝေဆွေးနွေးခဲ့ကြသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၈

စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိသည်။

**မိုး/ဇလ**

❖ စာမျက်နှာ ၆ မှ

၂၀၂၄ ခုနှစ် ရေကြောင်းလူငယ်(အခြေခံ/တန်းမြင့်)သင်တန်းတွေ ဖွင့်လှစ်ခဲ့ရာ နေပြည်တော်ကောင်စီနယ်မြေမှ ၁၈၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၁၄၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၅၅ ဦး၊ မွန်ပြည်နယ်မှ ၇၀၊ တနင်္သာရီတိုင်းဒေသကြီးမှ ၁၆၆ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၆၁ ဦး၊ ရှမ်းပြည်နယ်မှ ၄၅ ဦး စုစုပေါင်း ၈၁၈ ဦး တက်ရောက်ခဲ့ပါတယ်။ လေကြောင်းလူငယ်(အခြေခံ/တန်းမြင့်) သင်တန်းတွေ ဖွင့်လှစ်ရာ စခန်း ၁၇ ခုမှာ သင်တန်းသားသင်တန်းသူ ၈၅၀ တို့ကို လေ့ကျင့်သင်ကြားခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ကာကွယ်ရေးမှာ လူငယ်တွေပါဝင်လာနိုင်စေဖို့ "ပြည်သူ့စစ်မှုထမ်းဥပဒေ"ကို ပြဋ္ဌာန်းကာ စစ်ပညာသင်တန်းတွေ ဖွင့်လှစ်လျက်ရှိပါတယ်။

### စွမ်းဆောင်ရည်ပြည့်ဝသူတွေဖြစ်အောင် ကြိုးစား

ယနေ့ကမ္ဘာပေါ်မှာ သဘာဝဘေးအန္တရာယ်၊ ကပ်ရောဂါ စတဲ့ကမ္ဘာ့ရေးရာပြဿနာတွေ ပေါ်ပေါက်နေပါတယ်။ ဒါ့ပြင် လူသားတို့ကြောင့် ရာသီဥတုမညီမျှမှု၊ အစွန်းရောက်မှု၊ သဟဇာတပျက်ပြားမှုတွေကလည်း ကမ္ဘာ့အန္တရာယ်အဖြစ် တွန်းပို့နေပါတယ်။ လူငယ်စွမ်းအားဟာ မျက်မှောက်ကာလ အခက်အခဲတွေ ဖြေရှင်းရာမှာ အရေးပါပါတယ်။ လူငယ်တွေဟာ အနာဂတ်နိုင်ငံတော်တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြရပါမယ်။ နိုင်ငံတစ်ခု တိုးတက်ပြောင်းလဲဖို့ ဖော်ဆောင်ရာမှာ လူငယ်တွေရဲ့စည်းလုံးမှု၊ ဦးဆောင်နိုင်မှုတို့နဲ့ ပူးပေါင်းတည်ဆောက်ရပါမယ်။ လူငယ်အပေါင်းကလည်း မိမိနိုင်ငံအရေးသာမကဘဲ ကမ္ဘာ့အရေးကိုပါ လေ့လာရပါမယ်။ လေ့လာမှုကနေရရှိတဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေအပေါ် သင်ခန်းစာယူမှု၊ အတွေ့အကြုံကောင်းတွေ ရရှိမှုတို့ကိုအသုံးချကာ စွမ်းဆောင်ရည်ပြည့်ဝသူတွေဖြစ်အောင် ကြိုးစားရမှာက လူငယ်တိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။

လူငယ်တို့ဟာ မိမိလျှောက်လှမ်းရမယ့် ဘဝခရီးလမ်း အောင်မြင်တိုးတက်စေဖို့ ကိုယ်တိုင်ကြိုးပမ်းအားထုတ်ရပါမယ်။ အမှောင်ထုချောက်ကမ်းပါးထဲ ဆွဲချမယ့်မူးယစ်ဆေးဝါးဟာ လူငယ်တွေရဲ့လက်ထဲကို နည်းမျိုးစုံနဲ့ရောက်ရှိနေပါတယ်။ လူငယ်တွေကလည်း မူးယစ်ဆေးဝါးရဲ့ ဆိုးကျိုးတွေကို သိရှိနားလည်ပြီး မူးယစ်သားကောင်တွေမဖြစ်စေဖို့ ဂရုပြုသင့်ပါတယ်။ လူငယ်တွေမှာ တက်ကြွမှု၊ အဖွဲ့အစည်းခင်မင်မှု၊ စွန့်စားလိုမှု စတဲ့ သဘာဝအကြောင်းတရားတွေ ရှိကြပါတယ်။ ဒီအကြောင်းတရားတွေကို အခွင့်ကောင်းယူကာ ကိုယ်ကျိုးရှာနိုင်ငံရေးသမားတွေက လူငယ်တွေကို အသုံးချလေ့ရှိပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ကမ္ဘာ့နိုင်ငံအသီးသီးရှိ လူငယ်တွေထူးချွန်ထက်မြက်စေဖို့ သက်ဆိုင်ရာနိုင်ငံအသီးသီးတို့က အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ လူငယ်ရေးရာမူဝါဒတွေ ရေးဆွဲချမှတ်ခြင်း၊ လူရည်ချွန်စီမံကိန်း ဆောင်ရွက်ပေးခြင်း၊ ရေကြောင်းနဲ့ လေကြောင်း ပညာသင်တန်းတွေ ဖွင့်လှစ်ပေးခြင်း စတာတွေ လုပ်ဆောင်ပေးနေပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာမှာ လူငယ်တွေရဲ့ စွမ်းပကားက အရေးပါသလို လူငယ်အပေါင်းတို့ကလည်း လိုက်ပါဆောင်ရွက်သင့်ပါကြောင်း "အပြည်ပြည်ဆိုင်ရာလူငယ်များနေ့"ကို ဂုဏ်ပြုသောအားဖြင့် ရေးသားလိုက်ရပါတယ်။ ။

**ကျမ်းကိုး –**

**မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒ (၂၀၁၇)**

# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်း

**နေပြည်တော် ဩဂုတ် ၈**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြပြီး ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို ကိုယ်ကျိုးစွန့်၍ ကာကွယ်စောင့်ရှောက်ပေးနေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ထမ်းများနှင့် မိသားစုများ၊ **စေတနာရှင် အလှူရှင်များက** အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

**သွားရောက်လှူဒါန်း**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စေတနာမေတ္တာအပြည့်ဖြင့် ရှေ့တန်းမြေသို့ ပေးပို့နိုင်ရေးအတွက် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းက ထုတ်လုပ်ဖြန့်ဖြူးရောင်းချသည့် ငွေကျပ် သိန်း ၃၀၀ တန်ဖိုးရှိ စည်သွတ်အသား/ ငါး စုစုပေါင်း ၄၃၅၇ ဘူးအား ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းက နေပြည်တော် တိုင်းစစ်ဌာနချုပ်သို့ သွားရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

အလားတူ ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းနိုင်ရန် အလုပ်သမားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် ကိုယ်တိုင်စုပေါင်း ချက်ပြုတ်ကြော်လှော်ပြီး ပြင်ဆင်ထုပ်ပိုးနေမှုများကို ဩဂုတ် ၅ ရက်က ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်နှင့် ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က လိုက်လံကြည့်ရှုအားပေးကြသည်။

အလုပ်သမား ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စည်သွတ်ဘူး (ငါးကြင်းပဲငါးပိပေါင်း၊ ငါးဆုပ်ဟင်း၊ ဆိတ်သားဟင်း)ဘူး၁၂၀၀၊ဆာဒင်းငါးသေတ္တာဘူး ၄၀၀၊ ငါးရံ့/ ကြက်သားဆန်ပြုတ်အထုပ် ၈၀၀၊ ရှူးရှဲလက်ဖက်ထုပ် ၈၀၀၊ ကိုယ်တိုက်ဆပ်ပြာတုံး ၄၀၀၊ ဝွေးသီးငါးပိချက်ထုပ် ၄၀၀၊ ငါးပိရည် ၄၀၈ ထုပ်၊ ပုစွန်ငါးပိထောင်းဘူး ၄၀၀၊ အာပွဲခြောက်ကြော်ထုပ် ၄၀၀၊ ပုံးရည်ကြီးထုပ် ၄၀၀၊ ချိုချဉ်ထုပ် ၄၀၀၊ ဆေးလိပ်ဆေး ပိဿာ ၃၀၊ သွားတိုက်ဆေး/သွားတိုက်တံအစုံ ၄၀၀၊ တစ်ခါသုံး မုတ်ဆိတ်ရိတ်ဓား ၁၆၀၀၊ ကြယ်နီ ဆေးလိပ် ၈၀၀၀ နှင့် ဝန်ထမ်းမိသားစုများ ကိုယ်တိုင် ချက်ပြုတ် ကြော်လှော်ထားသည့် ဗာလချောင်ကြော် ပိဿာ ၄၀ စုစုပေါင်းငွေကျပ် သိန်း ၁၃၀ ခန့် တန်ဖိုးရှိပစ္စည်းများကို ပေးပို့လှူဒါန်းနိုင်ရေး စီစဉ်ဆောင်ရွက်ကြပြီး အဆိုပါ စားသောက်ဖွယ်ရာများနှင့်အတူ ဝန်ထမ်းမိသားစုများက "နိုင်ငံတော်နှင့် နိုင်ငံသားတို့ရဲ့ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို အသက်ပေးကာကွယ်စောင့်ရှောက်နေကြတဲ့ ရှေ့တန်းရောက် တပ်မတော်သားများ အားလုံး ကျန်းမာပါစေ၊ ဘေးအန္တရာယ် ကင်းဝေးပါစေ၊ တရားသောစစ်ဆင်နွှဲနေတဲ့ တပ်မတော်သားများ အားလုံး အိမ်ပြန်လာမည့်နေ့ကို မိသားစုတွေနှင့်အတူ အောင်သပြေပန်းနှင့် ကြိုဆိုနေပါ့မယ်" အစရှိသည့် ဆုတောင်းမေတ္တာ စာလွှာများကိုလည်း ထည့်သွင်းပေးပို့သွားမည် ဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အလုပ်သမားဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် အလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းရန် ပြင်ဆင်ထုပ်ပိုးနေမှုကို ကြည့်ရှုအားပေးစဉ်။

ထို့အတူ ဩဂုတ် ၆ ရက် နံနက်ပိုင်းက တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် ပေးပို့လှူဒါန်းရန် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စာနာမှု၊ မေတ္တာ၊ စေတနာအပြည့်ဖြင့် ကိုယ်တိုင် ချက်ပြုတ်ကြော်လှော်ပြီး ပြင်ဆင်ထုပ်ပိုးနေမှုများကို ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် ဒုတိယဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးကြသည်။

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးခြောက်ကြော်ဘူး ၁၅၀၀၊ ပုစွန်ခြောက်ကြော် ဘူး ၁၅၀၀၊ ငါးပိထောင်းဘူး ၁၅၀၀၊ အသင့်စား ခေါက်ဆွဲခြောက်အထုပ် ၃၀၀၀၊ ကော်ဖီမစ် အထုပ် ၃၀၀၀၊ ချိုချဉ်အလုံး ၁၅၀၀၀ နှင့် ကြယ်နီဆေးပေါ့လိပ် အလိပ် ၁၀၀၀၀ စုစုပေါင်းငွေကျပ် ၁၁၂ သိန်း တန်ဖိုးရှိပစ္စည်းများကို ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။

အဆိုပါစားသောက်ဖွယ်ရာများနှင့်အတူဝန်ကြီးဌာနမှ အရာထမ်း/ အမှုထမ်းများ၊ နိုင်ငံ့ဂုဏ်ဆောင် မြန်မာ့လက်ရွေးစင် အားကစားသမားများနှင့် လူငယ်လက်ရွေးစင် အားကစားသမားများက "တရားသောစစ် ဆင်နွှဲကြသော စစ်သည်တော်အပေါင်း ဘေးရန်ကင်းလို့ အောင်ပန်း ဆင်နိုင်ပါစေ"၊ "ရှေ့တန်းရောက် စစ်သည်တော်အပေါင်း အန္တရာယ်ကင်းလို့ တိုက်ပွဲတိုင်းအောင်မြင်ပါစေ"အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။

အလားတူ ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ပွဲ အခမ်းအနားကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သဇင်ရိပ်သာ၌ ကျင်းပခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

တနင်္သာရီတိုင်း ဒေသကြီး အစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများ နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် ငါးနီတူ၊ ပုစွန်ငါးပိချက်၊ ဗာလချောင်ကြော်၊ ဆေးပေါ့လိပ်၊ ကော်ဖီ၊ ခေါက်ဆွဲခြောက်၊ လက်ဖက်အကြော်စုံ၊ ချိုချဉ် စသည့် စားသောက်ဖွယ်ရာပစ္စည်းများ လှူဒါန်းနိုင်ရေး ဝိုင်းဝန်းပြင်ဆင် ဆောင်ရွက်ခဲ့ကြသည့် အပြင် စားသောက်ဖွယ်ရာများနှင့်အတူ "တပ်မတော်သားများရဲ့ အောင်မြင်မှု၊ ပြည်သူလူထုရဲ့ ငြိမ်းချမ်းမှုများကို စောင့်မျှော်လျက် တပ်မတော်သားများကို ချစ်တဲ့ပြည်သူတွေ အများကြီးရှိပါတယ်။ တပ်မတော်သားများရဲ့ အောင်ပွဲဟာ ပြည်သူ့အောင်ပွဲပါ" စသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။



ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းရန် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ကိုယ်တိုင် ချက်ပြုတ်ကြော်လှော်နေမှုကို တွေ့ရစဉ်။

**ပေးအပ်လှူဒါန်း**

ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထားဝယ်ခရိုင်မှ ဂုဏ်ပြုချီးမြှင့် ငွေကျပ် ၁၂၉၄၀၀၀၀၊ ပစ္စည်းတန်ဖိုး ငွေကျပ် ၂၄၃၂၃၂၀၀ စုစုပေါင်းငွေကျပ် ၃၇၀၇၃၂၀၀၊ မြိတ်ခရိုင်မှ ပစ္စည်းတန်ဖိုး ငွေကျပ် ၂၃၀၀၅၅၄၀၊ ကော့သောင်းခရိုင်မှ ပစ္စည်းတန်ဖိုးငွေကျပ် ၁၁၁၈၃၀၀၀၊ ဘုတ်ပြင်းခရိုင်မှ ပစ္စည်းတန်ဖိုးငွေကျပ် ၂၃၀၀၅၅၄၀ တို့ကို မေတ္တာဖြင့် ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့ပြင် ဩဂုတ် ၅ ရက်က တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မန္တလေးတိုင်းဒေသကြီးအတွင်းမှ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုပေးအပ်သည့် စားသောက်ဖွယ်ရာများကို မန္တလေးမြို့တော်စည်ပင်သာယာရေးရုံး မြို့တော်ခန်းမ၌ စနစ်တကျ ပြင်ဆင်ထုပ်ပိုးဆောင်ရွက်ကြရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က စားသောက်ဖွယ်ရာများကို ကိုယ်တိုင်ကြော်လှော်နေမှု၊ စနစ်တကျ ထုပ်ပိုးပြင်ဆင်နေမှုများကို တက်ညီလက်ညီ စိတ်အားထက်သန်စွာ ဝိုင်းဝန်းဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများနှင့် အသင်းအဖွဲ့များမှ ဝန်ထမ်းများကို လိုက်လံကြည့်ရှု အားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုပေးအပ်သည့် အသင့်စားခေါက်ဆွဲထုပ်၊ လက်ဖက်ထုပ်၊

စာမျက်နှာ ၉ သို့ ❁



မွန်ပြည်နယ်အတွင်းမှ ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းရန် ပြင်ဆင်ထုပ်ပိုးနေမှုကို တွေ့ရစဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်

နေပြည်တော် ဩဂုတ် ၈

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

**တက်ရောက်**

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၇ ရက်နှင့် ယနေ့တို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှ ဝန်ထမ်းမိသားစုများနှင့် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ကော်မရှင်ဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ၊ စေတနာရှင်အလှူရှင်များ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက လှူဒါန်းသည့် အလှူငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်း ခြောက်ဆယ်ကျော်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းမိသားစုများက ငွေကျပ်လေးဆယ့်နှစ်သိန်းနှင့် ငွေကျပ် ငါးဆယ့်ခုနစ်သိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ဝန်ထမ်းမိသားစုများက ငွေကျပ် လေးဆယ့်ခုနစ်သိန်းခြောက်သောင်း တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဝန်ထမ်းမိသားစုများက ငွေကျပ်သိန်းတစ်ရာနှင့် ငွေကျပ်သိန်းငါးဆယ် တန်ဖိုးရှိ စားသောက်ဖွယ်ရာများကိုလည်းကောင်း၊ ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၉၉)ကျောင်းဆင်း အရာရှိမိသားစုများက ငွေကျပ်ကိုးဆယ့်ကိုးသိန်း တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ မြန်မာ - ထိုင်း - စင်ကာပူ - အမေရိကန်ရောက် အမျိုးသားရေးညီအစ်ကိုများက ငွေကျပ်ခုနစ်ဆယ့် တစ်သိန်းကိုလည်းကောင်း၊ ဘုန်းစံကျော်အောင် ဆောက်လုပ်ရေးကုမ္ပဏီမှ မိသားစုများက ငွေကျပ် သိန်းသုံးဆယ်တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး များ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အဆိုပါ စားသောက်ဖွယ်ရာများအား ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံတာဝန်ထမ်းလျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက် ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ကော့သောင်းမြို့၌ အဏ္ဏဝါမြစ်အတွင်း ပလတ်စတစ်ကင်းစင်ရေးအသိပညာပေး

ကော့သောင်း ဩဂုတ် ၈

တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ရေကြောင်းပို့ဆောင်ရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်း၍ အဏ္ဏဝါမြစ်အတွင်း ပလတ်စတစ်ကင်းစင်ရေးအတွက် ယနေ့မွန်းလွဲပိုင်းက ကော့သောင်းမြို့ ရွှေဟသာ်ရပ်ကွက်ရှိ FOB စစ်ဆေးရေးစခန်း၌ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကော့သောင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းနှင့် ဝန်ထမ်းများက နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှုဗဟိုကော်မတီ၏ ပဉ္စမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်အရ အဏ္ဏဝါမြစ်အတွင်း ပလတ်စတစ်ကင်းစင်ရေးအတွက် ရေယာဉ်များပေါ်တွင် ရေယာဉ်တာဝန်ခံများနှင့် ရေလုပ်သားများအား အသိပညာပေး ဟောပြောပြီး ရေယာဉ်များ၌ အသိပညာပေးပိုစတာများကပ်ကာလက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

❁ စာမျက်နှာ ၈ မှ

ကော်ဖီမစ်ထုပ်၊ ဆေးပေါ့လိပ်၊ မြေပဲကြော်ထုပ်၊ နှစ်ပြန်ပဲကြော်ထုပ်၊ ငါးနီတူကြော်ထုပ်၊ ငါးပိထောင်းဘူး၊ Royal-D ဓာတ်ဆားထုပ် စသည့် စုစုပေါင်းငွေကျပ် ၃၁၂ သိန်းကျော် တန်ဖိုးရှိ အစားအသောက်ကိုးမျိုး အပြင် စိတ်ဓာတ်ခွန်အား နိုးကြားတက်ကြွစေရန် "ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် တိုက်ပွဲတိုင်းအောင်မြင်ပါစေ၊ တရားသောစစ်အောင်မြင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများကိုလည်း ရေးသားထည့်သွင်းပေးပို့ကြသည်။

မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် အဆိုပါ စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ သွားရောက်ပေးအပ်လှူဒါန်းရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ထို့အတူ ဩဂုတ် ၆ ရက်က ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မွန်ပြည်နယ်အတွင်းမှ ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက စာနာမှု၊ စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ပြင်ဆင်ဆောင်ရွက်ကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ကျော်လင်းမောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စုစုပေါင်းတန်ဖိုးငွေကျပ် ၂၁၂၅၂၅၀၀ တန်ဖိုးရှိ ငါးခြောက်ကြော်၊ ဗာလချောင်ကြော်၊ ငံပြာရည်ကြော်၊ မားမားခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ တီးမစ်၊ ပဲနို့၊ လက်ဖက်၊ ပုစွန်ခြောက်၊ ငါးခြောက်၊ အမယ်စုံ၊ မုန့်မျိုးစုံနှင့် အရေးပေါ်ဆေးဝါးများ စသည်တို့ကို ပေးအပ်လှူဒါန်းရာ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက လက်ခံရယူသည်။

ထိုသို့ ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် လှူဒါန်းကြသည့် စားသောက်ဖွယ်ရာများနှင့်အတူ ဝန်ထမ်းမိသားစုများက "တရားသောစစ် အမြန်ဆုံးအောင်မြင်ပါစေ။ တပ်မတော်သားများရဲ့ အောင်ပွဲဟာ ပြည်သူ့အောင်ပွဲပါ။ တပ်မတော်သားများ စစ်မြေပြင်မှ အန္တရာယ်ကင်းရှင်းစွာ အမြန်ဆုံး ပြန်လာနိုင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာများကိုလည်း ပေးပို့ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ထားဝယ်တက္ကသိုလ်၌ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြော

ထားဝယ် ဩဂုတ် ၈

နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး ကိစ္စရပ်များအတွက် မူဝါဒချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရရှိစေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ထားဝယ်တက္ကသိုလ် စုပေါင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီးဦးစီးမှူးဦးယဉ်ထွေးက ၂၀၂၄ ခုနှစ် လူဦးရေနှင့်သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းအောင်မြင်ရေးအတွက် သန်းခေါင်စာရင်းကောက်ယူခြင်းသမိုင်းကြောင်း၊ နောက်ခံအကြောင်းအရာ၊ သန်းခေါင်စာရင်း ဥပဒေ၊ သန်းခေါင်စာရင်းဖွဲ့စည်းပုံ၊ သန်းခေါင်စာရင်း အသုံးဝင်ပုံ၊ ရည်ရွယ်ချက်များ၊ အခြေခံအချက်အလက်များ၊ လုပ်ငန်းစဉ်(၄)ရပ်၊ကောက်ယူမည့်မှု၊ ကောက်ယူမည့်နည်းလမ်း၊ အသုံးပြုမည့် မေးခွန်းပုံစံနှစ်မျိုး စသည်တို့ကို ဆွေးနွေးဟောပြောပြီး သန်းခေါင်စာရင်းအသုံးအဆောင်ပစ္စည်းဖြစ်သည့် စပို့ရှပ်၊ တီရှပ်နှင့် ဦးထုပ်များကို ပေးအပ်ရာ ထားဝယ်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသန်းသန်းဦးက လက်ခံရယူ၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ကမာရွတ်မြို့နယ် ဝင်းမေတ္တာငွေစုငွေချေး သမဝါယမအသင်းနှစ်ပတ်လည်အစည်းအဝေးကျင်းပ



ရန်ကုန် ဩဂုတ် ၈

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ဝင်းမေတ္တာငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီက တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဦးပြေဟိန်းနိုင်က ဆောင်ရွက်၍ အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ ဒေါ်တင်နှင်းရည်က သမဝါယမအသင်းများ၏ အရပ်ရပ်ဆိုင်ရာအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းသားများအား စုဆောင်းငွေပေါ် အမြတ်နှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ **သျှင်ဝင်းသျှင်**

# ရေကြီးနစ်မြုပ်လယ်မြေများတွင် တစ်ကွက်ပေါ် တစ်ကွက်စိုက်စနစ်ဖြင့် ပြန်လည်စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ပဲခူး ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ ယနေ့နံနက်ပိုင်းက ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် ရေကြီးနစ်မြုပ်လယ်မြေများတွင် တစ်ကွက်ပေါ် တစ်ကွက်စိုက်စနစ်ဖြင့် ပြန်လည်စိုက်ပျိုးနိုင်ရေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ဖတ်ကြားရှင်းလင်း**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို ဖတ်ကြားရှင်းလင်းကာ စိုက်ပျိုးသီးနှံအလိုက် ရေလွှမ်းဆဲကော၊ ရေပြန်ပေါ်ကော၊ ထိခိုက်ကေနှင့် ပျက်စီးကေများ စနစ်တကျပြုစု၍ တစ်ကွက်ပေါ် တစ်ကွက်စိုက်စနစ်ဖြင့် ပြန်လည်စိုက်ပျိုးနိုင်ရေး ချက်ချင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိုးစပါးထိခိုက်ကေများကို ပြန်လည်ဖာထေးစိုက်ပျိုးရာတွင် သက်တမ်းတူ၊ မျိုးတူစိုက်ခင်းများမှ သားတက်ပွားများ ရယူစိုက်ပျိုးရမည်ဖြစ်ပြီး ပျက်စီးကေများအတွက် ကြိုတင်ပျိုးထောင်စနစ်ဖြင့် စိုက်ပျိုးရမည်ဖြစ်ကာ မြို့နယ်အလိုက် မျိုးစပါးလိုအပ်ချက်များရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ရေမြုပ်ခဲ့သည့် စာသင်ကျောင်းများကို တစ်ကျောင်းပေါ် တစ်ကျောင်း ဖွင့်နိုင်ရေးနှင့် ကျောင်းပိတ်ရက်အစားထိုးသင်ကြားနိုင်ရေး လိုအပ်သည်များ ကူညီပံ့ပိုးပေးသွားရမည်ဖြစ်ကြောင်း လမ်းညွှန်မှာကြားသည်။

ထို့နောက် တက်ရောက်လာသည့် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက အုပ်ချုပ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ဆက်စပ်လုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**လမ်းညွှန်မှာကြား**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးများက တင်ပြချက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်ချက်များကို အကြံပြုတင်ပြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်များကို ဖတ်ကြားရှင်းလင်းသည်။ ၎င်းနောက် ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# စပါး-ငါး ပေါင်းစပ်မွေးမြူခြင်းမှရရှိသည့် ဂေဟဗေဒ ဝန်ဆောင်မှုတန်ဖိုးအပေါ်လေ့လာမှု အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဩဂုတ် ၈**

စပါး-ငါးပေါင်းစပ်မွေးမြူခြင်းမှ ရရှိသည့် ဂေဟဗေဒဝန်ဆောင်မှု တန်ဖိုးအပေါ် လေ့လာမှုအလုပ်ရုံ ဆွေးနွေးပွဲကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ရုံးအမှတ်(၃၆) အစည်းအဝေး ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက စပါးခင်းများအတွင်း ငါးထည့်သွင်းမွေးမြူခြင်းမှာ မိရိုးဖလာနည်းတစ်ခုဖြစ်ပြီး တောင်သူမိသားစု အပိုဝင်ငွေရရှိစေရန်နှင့် စားရေရိက္ခာဖူလုံစေရန် ဆောင်ရွက်လေ့ရှိကြောင်း၊ မျက်မှောက်ကာလတွင် အာရှတိုင်းပြည်များ၌ စပါးခင်းများအတွင်း ငါးထည့်သွင်းမွေးမြူခြင်းကို အကျိုးအမြတ်ရရှိစေသည့် စီးပွားရေးလုပ်ငန်းတစ်ခုအဖြစ် တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လျက်ရှိကြကြောင်း၊ ယခုကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲတွင် စာတမ်းရှင်၏ သုတေသနပြုလေ့လာခဲ့မှုကို ဝိုင်းဝန်းဆွေးနွေးသုံးသပ်ပြီး ရှေ့ဆက်ဆောင်ရွက်သွားနိုင်မည့် စပါး-ငါး ပေါင်းစပ်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းအပေါ် အကြံပြုဆွေးနွေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင်က ဆွေးနွေးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဦးစီးမှူး ဒေါက်တာ အာကာမျိုးက လုပ်ငန်းဆောင်ရွက်မှုကို ဖတ်ကြားတင်ပြသည်။

ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါက်တာအာကာမျိုး၏ ပါရဂူဘွဲ့စာတမ်းဖြစ်သော စပါး-ငါး ပေါင်းစပ်မွေးမြူခြင်းမှ ရရှိသည့် ဂေဟဗေဒ ဝန်ဆောင်မှုတန်ဖိုးအပေါ် လေ့လာမှုစာတမ်းကို ဌာနဆိုင်ရာများနှင့် စိုက်ပျိုးရေးတက္ကသိုလ်တို့မှ ဘာသာရပ်အလိုက် ကျွမ်းကျင်သူပညာရှင်များအား ဖိတ်ခေါ်၍ အသိပညာဗဟုသုတများ ဖလှယ်နိုင်ရန်အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သထုံမြို့နယ်၌ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေးသင်တန်း ဖွင့်ပွဲကျင်းပ

**သထုံ ဩဂုတ် ၈**

မွန်ပြည်နယ် သထုံမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်းတွင် ယနေ့နံနက် ၉ နာရီက ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေးသင်တန်း (၃/၂၀၂၄)ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

ဦးစွာ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်က ငါးလုပ်ငန်း ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေပြီး ငါးရိက္ခာဖူလုံစေရန်၊ ငါးလုပ်ငန်းကိုအခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်နှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ရည်ရွယ်ကာ ငါးလုပ်ငန်းဆိုင်ရာ အသက်မွေးဝမ်းကျောင်းသင်တန်း၊ လုပ်ငန်းခွင်သင်တန်းများ ဆောင်ရွက်နေကြောင်း၊ သင်တန်းသားများအနေဖြင့် သေချာစွာလေ့လာသင်ယူကာ မိမိတို့ဒေသနှင့် နိုင်ငံတော်အတွက် ငါးမွေးမြူရေးလုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း အမှာစကားပြောကြားပြီး ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသက်ဦးက သင်တန်းဖွင့်လှစ်ပေးရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ငါးများ၏ နေထိုင်ကျက်စားမှုဓလေ့၊ ငါးကန်တူးဖော်ခြင်း၊ ကန်အရည်အသွေးပြုပြင်ခြင်း၊ ရေအရည်အသွေးတိုင်းတာစစ်ဆေးခြင်း၊ မျိုးရွေးချယ်ထိန်းသိမ်းခြင်း၊ ရေချိုငါးမျိုးများ လက်တွေ့ဆေးထိုးသားဖောက်ခြင်း၊ ငါးအစာအာဟာရနှင့် အစာကျွေးနည်းစနစ်များ စသည်တို့ကို ဩဂုတ် ၈ ရက်မှ ၁၀ ရက်အထိ စာတွေ့၊ လက်တွေ့ အခမဲ့စရိတ်ငြိမ်း ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်း(သထုံ)မှ နောက်ဆုံးနှစ် သင်တန်းသား ၅၉ ဦး၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း(ရွာလွတ်ရွာ၊ ချောင်းဆုံမြို့)မှ သင်တန်းသား ကိုးဦး စုစုပေါင်း ၆၈ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ရမည်းသင်းမြို့နယ်၌ မျိုးစေ့တိုက်ရိုက်ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ



**ရမည်းသင်း ဩဂုတ် ၈**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ 10 Rowseeder (မျိုးစေ့တိုက်ရိုက်ချကိရိယာ)ကို အသုံးပြု၍ မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီခွဲက ဆည်ကြီးကျေးရွာရှိတောင်သူ ဦးနေမျိုးထွန်း၏ လယ်ယာမြေ၌ ကျင်းပသည်။

မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ရင်းနှီးကျွမ်းဝင်ပြီး တွင်တွင်ကျယ်ကျယ် အသုံးပြုတတ်လာစေရေး၊ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အသွင်ကူးပြောင်းဆောင်ရွက်နိုင်ခြင်းဖြင့် အချိန်တိုကာလအတွင်း စိုက်ကေများစွာကို ထွန်ယက်စိုက်ပျိုးနိုင်ခြင်း စသည့်ကောင်းကျိုးများစွာ ရရှိစေမည်ဖြစ်သည့်အတွက် ယခုကဲ့သို့ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲ ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ရမည်းသင်းခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသီဟဇော်က ပြောကြားသည်။

အဆိုပါ တောင်သူပညာပေး ကွင်းသရုပ်ပြပွဲသို့ ရမည်းသင်းမြို့နယ် စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့် မြို့နယ်စိုက်/ညှိအဖွဲ့ဝင်များ၊ မိုးစပါးစိုက်ပျိုးကြသည့် တောင်သူများ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကလောမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဆောင်သစ် ဖွင့်ပွဲကျင်းပ

ကလော ဩဂုတ် ၈

ကလောခရိုင် ကလောမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် သပြေဆောင် ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဩဂုတ် ၈ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

အဆိုပါ ကျောင်းဆောင်သစ်ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပြည်နယ်ဝန်ကြီးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။



**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အမည်နှင့် မော်ကွန်းစာသားအား အမွှေးနံ့သာရည်ပက်ဖျန်းပေးကြပြီး ကျောင်းသား ကျောင်းသူများက ရှမ်းအကဖြင့် ဖျော်ဖြေကြကာ ပြည်နယ်ဝန်ကြီးချုပ်က ဘင်ခရာတပ်ဖွဲ့၊ ရှမ်းတိုင်းရင်းသားအကအဖွဲ့၊ ပန်းဖွားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်၍ ကျောင်းဆောင်သစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် သပြေဆောင်ကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းတွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာကိုရည် တို့လှမ်းချီ" သီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပေးပြီး ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ယခုဖွင့်သော RC နှစ်ထပ်ကျောင်းဆောင်သစ်ကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုငွေကျပ် ၄၁၀ ဒသမ ၁၆၀ သန်းဖြင့် ကောင်းပြည့်သူကုမ္ပဏီက တည်ဆောက်ခဲ့ပြီး ကျောင်းဆောင်သစ်အရွယ်အစားမှာ (၁၄၀ x ၃၀ x ၂၅)ပေရှိ၍ စာသင်ခန်းရှစ်ခန်းပါဝင်၍ ကျောင်းသား ကျောင်းသူ ၄၀၀ ခန့် တက်ရောက်ပညာသင်ကြားမည့် ကျောင်းဆောင်သစ်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရအောင်သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုချီးမြှင့်ပေးကြပြီး ကျောင်းသား ကျောင်းသူနှင့် မိဘများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြကာ ကျောင်းရှိစာကြည့်တိုက်အား လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ကျောင်းအုပ်ဆရာမကြီးအား မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၅၆ ဦး၊ အလယ်တန်းအဆင့် ၄၇၇ ဦး၊ မူလတန်းအဆင့် ၆၁၃ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၅၄၆ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု အထိမ်းအမှတ်အခမ်းအနားကျင်းပနိုင်ရေး ညှိနှိုင်းစည်းဝေး

မော်လမြိုင် ဩဂုတ် ၈

မွန်ပြည်နယ်တွင် ပြည်နယ်အဆင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများ၊ အထိမ်းအမှတ် အခမ်းအနားနှင့် ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ် အခမ်းအနား ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဩဂုတ် ၇ ရက်က ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် မွန်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဒေါက်တာအောင်မြင့်ဦးက အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယပြည်နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမေဦးခိုင်က ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ပြုလုပ်ခဲ့သော ကျောင်းကျန်းမာရေး သီတင်းပတ်အစီအစဉ်နှင့် ၂၀၂၃ ခုနှစ် မိခင်နို့တိုက်ကျွေးရေးနှင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အခမ်းအနား အစီအစဉ်နှင့် လုပ်ငန်းစဉ်များ အကြောင်းကို ရှင်းလင်းပြောကြားပြီး ယခုနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**



# မကွေးမြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနား ကျင်းပ

မကွေး ဩဂုတ် ၈

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့ပူးပေါင်း၍ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၇ ရက်က မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ယုဇနခင်က အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုအခမ်းအနား ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမက မိခင်နို့စနစ်တကျ တိုက်ကျွေးနည်းနှင့် အာဟာရဆိုင်ရာ ကျန်းမာရေး ဗဟုသုတများ ဆွေးနွေးရှင်းလင်း ပြောကြားပြီး ဗဟုသုတမေးခွန်းများမေး၍ လက်ဆောင်များပေးခဲ့ကာ အခမ်းအနား တက်ရောက်လာသည့် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား ဆန်၊ ကုလားပဲ၊ ဂျုံခေါက်ဆွဲခြောက်၊ အိုင်အိုဒင်းဆားများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

**စာအုပ်စာပေ လှူမိတ်ဆွေ**

# ဟသ်ာတမြို့နယ်၌ မိခင်နို့စနစ်တကျ တိုက်ကျွေးရေး ပထမရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားပြုလုပ်

ဟသ်ာတ ဩဂုတ် ၈

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင် ဦးဆောင်၍ ဩဂုတ် ၈ ရက် နံနက်ပိုင်းက မိခင်နို့စနစ်တကျတိုက်ကျွေးရေး ပထမရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဆောင်ရွက်သည်။



အဆိုပါ လှုပ်ရှားမှုတွင် ဟသ်ာတမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက နို့တိုက်မိခင်များအား မိခင်နို့စနစ်တကျတိုက်ကျွေးနိုင်ရန်သင်ကြားပြသခြင်း၊ မိခင်နို့တိုက်ကျွေးခြင်း၏ အကျိုးကျေးဇူးများအကြောင်းနှင့် အာဟာရပြည့်ဝအောင်စားသုံးရန် ကျန်းမာရေးပညာပေးခြင်းတို့ အသိပညာပေးဆွေးနွေးခဲ့ပြီး ဟသ်ာတခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်သန္တာဦး၊ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်အိအိခင်နှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဌာန တာဝန်ရှိသူများက နို့တိုက်မိခင်များအား ဗီတာမင်ဘီဝမ်းဆေးပြားများ တိုက်ကျွေးခြင်း၊ မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲကျင်းပ၍ ဆုရရှိသူများအား ဆုများချီးမြှင့်ခြင်း၊ ခရိုင်နှင့် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများက နို့တိုက်မိခင်များအား ကြက်ဥနှင့် အိုင်အိုဒင်းဆားများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မိုင်းဆတ်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

မိုင်းဆတ် ဩဂုတ် ၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အထက(ခွဲ၊လ-၂)၌ ကျင်းပသည်။



ဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦး၊ မိုင်းဆတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မျိုးမျိုးသွယ်နှင့် အထက(ခွဲ၊လ-၂)မှ ကျောင်းအုပ် ဆရာမကြီး ဒေါ်အေးဇာဇာမျိုးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့)ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မိုင်းဆတ်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ အထက(ခွဲ၊လ-၂)မှ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ အရုပ်ခေါက်ပြိုင်ပွဲ၊ စာအုပ်စာစောင်ပြပွဲ၊ လှပသာယာပြည်မြန်မာရောင်စုံဓာတ်ပုံပြပွဲ၊ စကားပုံဆက်ပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကြကာ ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**မြင့်မောင်(မိုင်းဆတ်)**

# အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၈

၂၀၂၄ ခုနှစ်အတွက် အာဆီယံယဉ်ကျေးမှုရန်ပုံငွေ အထောက်အပံ့ဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက ကြီးမှူး၍ မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသည့် အာဆီယံနိုင်ငံများရှိ စာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel ၌ ကျင်းပသည်။



အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ ပြည်တွင်း၊ ပြည်ပစာကြည့်တိုက်ပညာရှင်များ၊ အာဆီယံအတွင်း ရေးမှူးချုပ်ရုံးနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအတွင်းရှိ စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါ်နုမြဲက ဆွေးနွေးပွဲ၏ ဆောင်ပုဒ်မှာ "အာဆီယံစာပေ အမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ စိန်ခေါ်မှုအသစ်များနှင့် မတူကွဲပြားသော စာပေပစ္စည်း ပြုပြင်ထိန်းသိမ်းရေး နည်းလမ်းများ၊ အကောင်းဆုံးရှာဖွေတွေ့ရှိချက်များ" ဖြစ်ပါကြောင်း၊ ဆွေးနွေးပွဲ၏ ဆောင်ပုဒ်နှင့်အညီ ပေါ်ထွက်လာသော စိန်ခေါ်မှုအသစ်များကို ဖြေရှင်းနိုင်ရန်အတွက် သက်ဆိုင်ရာနယ်ပယ်၌ အတွေ့အကြုံရှိသော ကျွမ်းကျင်ပညာရှင်များကို စုစည်း၍ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ပါကြောင်း၊ စာပေပစ္စည်းထိန်းသိမ်းရေးလုပ်ငန်းသည် စာကြည့်တိုက်များအတွက် အဓိက လုပ်ငန်းစဉ်တစ်ခုဖြစ်ပါကြောင်း၊ စာကြည့်တိုက်များသည် ပြည်သူများအတွက် အသိပညာ ဖြန့်ဝေပေးရာ နေရာဖြစ်သည်နှင့်အညီ အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင်လည်း တန်ဖိုးကြီး စာပေအမွေအနှစ်များကို ကျယ်ပြန့်စွာ ပိုင်ဆိုင်ထားရှိပါကြောင်း။

မိမိတို့အာဆီယံ ဒေသတွင်းရှိ စာကြည့်တိုက်လုပ်ငန်းနယ်ပယ်တွင် အာဆီယံအဖွဲ့ဝင်များ၏ အတွေ့အကြုံဗဟုသုတများကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြားအချင်းချင်း အသိပညာ မျှဝေပေးခြင်းသည် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်မှုများအတွက် အကောင်းဆုံး နည်းလမ်းများပင်ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲသည် မိမိတို့၏ လုပ်ငန်းများအတွက် စိတ်ကူးသစ်များနှင့် တန်ဖိုးရှိသော ရလဒ်များကို စာပေပစ္စည်းထိန်းသိမ်းရေး ဆောင်ရွက်နေကြသူများသာမက မော်ကွန်းထိန်းသိမ်းရေး ဆောင်ရွက်နေသူများကိုပါ အထောက်အပံ့ကောင်းများ ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ယခု ရရှိလာသည့် အခွင့်အရေးကို အသုံးချပြီး မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များကို မျှဝေပေးရန် လိုအပ်ပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန်ပူးပေါင်း ဆောင်ရွက်ကြရန်နှင့် ရလဒ်ကောင်းများကို ဦးတည်သည့် အတွေးအမြင်များနှင့် အတွေ့အကြုံသစ်များကို ဖလှယ်ကြရန် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ အားလုံးကို တိုက်တွန်းလိုပါကြောင်း၊ ယခုဆွေးနွေးပွဲကာလအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ရလဒ်ကောင်းများ ရရှိစေမည့် ချိတ်ဆက်ဆွေးနွေးမှုများကို ရရှိရန်မျှော်လင့်မိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများရှိစာပေပစ္စည်းပြုပြင်ထိန်းသိမ်းရေး စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို Pyay Room ၌ ကျင်းပပြီး အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များက တစ်နိုင်ငံလျှင် စာတမ်းတစ်စောင်စီ ဖတ်ကြားဆွေးနွေးကြရာ နိုင်ငံတကာပညာရှင် ထိုင်းနိုင်ငံရှိ SEAMEO SPAFA မှ Senior Researcher ဒေါ်ဥမ္မာမျိုးနှင့် ပြည်တွင်းစာကြည့်တိုက်ပညာရှင် ဆီမီးယိုဒေသဆိုင်ရာသမိုင်းနှင့်ရှေးရာဓလေ့ဌာနမှ ညွှန်ကြားရေးမှူး(ငြိမ်း) ဒေါက်တာခင်လေးစိုးတို့က စာတမ်းဖတ်ကြားကြပြီး အဆိုပါ စာတမ်းများအပေါ် သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အာဆီယံနိုင်ငံများမှ တက်ရောက်လာကြသော စာတမ်းရှင်များနှင့် ကိုယ်စားလှယ်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ဩဂုတ် ၉ ရက်တွင် အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်နှင့် ရွှေတိဂုံဘုရားတို့သို့ လေ့လာရေးသွားရောက်ကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## သာကေတမြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြော

သာကေတ ဩဂုတ် ၈

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတို့ပူးပေါင်းပြီး အားကစားနှင့် လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် အားကစားပစ္စည်းလှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ဦးစွာ သာကေတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားမှူး ဒေါ်ခင်ကောင်းစံက လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မို့မို့သူက လူငယ်နှင့်စာဖတ်ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း အသိပညာပေးဟောပြောကြသည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနက လှူဒါန်းသော အားကစားပစ္စည်းများကို အထက(၂) ကျောင်းအုပ်ကြီး ဦးစောသက်ဇေအောင်က လက်ခံပြီး ကျောင်းသား ကျောင်းသူများက Fitness Dance အားကစားနည်း၊ တိုက်ကွမ်ဒို အားကစားနည်းများဖြင့် သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ (ပြန်/ဆက်)**

## ကော့မှူးမြို့နယ် အထက (ထန်းမနိုင်)၌ လူငယ်စကားဝိုင်း ကျင်းပ

ကော့မှူး ဩဂုတ် ၈

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း (ထန်းမနိုင်)သပြေခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကော့မှူးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်က လူငယ်စကားဝိုင်းကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဦးစီးအရာရှိ ဒေါ်ဇာခြည်စိမ့်နှင့် ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ရှိန်တို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး "လူငယ်နှင့် စာရိတ္တ"၊" လူငယ်နှင့်အားကစား"၊ "လူငယ်နှင့် ယဉ်ကျေးမှု"၊ "လူငယ်နှင့် ကျန်းမာရေး"၊ "လူငယ်နှင့်စာပေ" ခေါင်းစဉ်တို့ဖြင့် ကျောင်းသားကျောင်းသူများက ဆွေးနွေးကြကြောင်း သိရသည်။



**ကျော်သူရ(ကော့မှူး)**

## မှော်ဘီမြို့နယ်၌ အားကစားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

မှော်ဘီ ဩဂုတ် ၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ အားကစားနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(မြောင်းတကာ)၌ ကျင်းပသည်။



ဦးစွာ မှော်ဘီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးထင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အားကစားတာဝန်ခံ ဒေါ်လွဲ့လွဲ့လွင်က အားကစားပြုလုပ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မှော်ဘီမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးရာရှိ ဦးစန်းဝင်းက ဗလငါးတန်ဖွံ့ဖြိုးဖို့ စာဖတ်ကြစို့ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခြင်း၊ ခရိုင်ကျန်းမာရေးဦးစီးဌာန ခရိုင်ဆရာဝန်ကြီးဒေါက်တာစောမြထွန်းက ကျန်းမာရေးဆိုင်ရာအသိပညာပေးဟောပြောခြင်းနှင့် မှော်ဘီမြို့နယ်(မြောင်းတကာ)ရဲအုပ်ခင်လှိုင်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောပြီး အထက (မြောင်းတကာ)ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်သန်းဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**ဝင်းဇော်(မှော်ဘီ)**

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# နှစ်ပတ်လည် ငြိမ်းချမ်းရေးအခမ်းအနားသို့ ဂျပန်နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးအား ဖိတ်ကြားခြင်းမပြုရန် နာဂါဆာကီမြို့တော်ဝန် ပြောကြား

**တိုကျို ဩဂုတ် ၈**

အမေရိကန်နိုင်ငံ၏ အဏုမြူဗုံးကြဲချခြင်း အထိမ်းအမှတ်အဖြစ် ဩဂုတ် ၉ ရက်တွင် ကျင်းပမည့် နှစ်ပတ်လည် ငြိမ်းချမ်းရေးအခမ်းအနားသို့ ဂျပန်နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးအား ဖိတ်ကြားခြင်း မပြုရန် နာဂါဆာကီမြို့တော်ဝန်က ဆုံးဖြတ်ချက်ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆုံးဖြတ်ချက်သည် နိုင်ငံရေးဆိုင်ရာ ဆုံးဖြတ်ချက်မဟုတ်ကြောင်းနှင့် အဏုမြူဗုံးဒဏ် ခံခဲ့ရသူများအတွက် ဝမ်းနည်းကြေကွဲ အောက်မေ့သတိရစေရန် ရည်ရွယ်ပြီး အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်း နာဂါဆာကီ မြို့တော်ဝန် ဆူဇူကီးရှိရိုက ပြောကြားသည်။

ဂျပန်နိုင်ငံဆိုင်ရာ အမေရိကန်နှင့် ဥရောပ သံအမတ်ကြီးများက ယင်းဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်မိပါကြောင်း နာဂါဆာကီ မြို့တော်ဝန်ဆူဇူကီးရှိရိုထံသို့ ပေးစာများ ပြန်လည်ပေးပို့ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၉ ရက်သည် နာဂါဆာကီမြို့အတွက် တစ်နှစ်တာ၏ အရေးကြီးဆုံးနေ့ ဖြစ်ကြောင်း ဆူဇူကီးက ပြောကြားသည်။ အဏုမြူဗုံးကြောင့် အသက်ရှင်ကျန်ရစ်သူများ၏ ပျမ်းမျှအသက်သည် ၈၅ နှစ်ကျော်ရှိပြီး အချို့မှာ ပြင်းထန်သော အပူဒဏ်ကြားတွင် အခမ်းအနားသို့ တက်ရောက်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

မျှော်လင့်မထားသည့် အန္တရာယ်များ ဖြစ်ပေါ်လာနိုင်မည့်အရေးကို ကြိုတင်သုံးသပ်ပြီးနောက် အစ္စရေးသံအမတ်ကြီးကို ဖိတ်ကြားခြင်း မပြုခဲ့ခြင်းဖြစ်ကြောင်း ဆူဇူကီးက ဆိုသည်။

ဂျပန်နိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီးကို မဖိတ်ကြားရန် ဆုံးဖြတ်ခဲ့သည့်အတွက် နာဂါဆာကီမြို့၌ ကျင်းပမည့် ငြိမ်းချမ်းရေး အခမ်းအနားသို့ အမေရိကန်၊ ဗြိတိန်နှင့် နိုင်ငံအချို့မှ သံတမန်များလည်း တက်ရောက်မည်မဟုတ်ကြောင်း သိရသည်။

ယခုနှစ်အတွက် ၎င်း၏ဆုံးဖြတ်ချက်ကြောင့် နိုင်ငံအချို့မှ သံတမန်များ တက်ရောက်နိုင်ဖွယ်မရှိသော်လည်း လာမည့်နှစ်များတွင် ပြန်လည်တက်ရောက်နိုင်မည်ဟု မျှော်လင့်ကြောင်း ဆူဇူကီးက သတင်းထောက်များကို ပြောကြားသည်။

အမေရိကန်နှင့် ဗြိတိန်တို့သည် နာဂါဆာကီနှင့် ဂျပန်နိုင်ငံတို့အတွက် အရေးပါသည့် နိုင်ငံများဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောသည်။



အဆိုပါနိုင်ငံများမှ သံတမန်များနှင့် တွေ့ဆုံပြီး ၎င်း၏ရည်ရွယ်ချက်အမှန်ကို ထုတ်ဖော်ပြောကြားကာ ဆက်ဆံရေးကောင်းမွန်မှုကို ဆက်လက်ထိန်းသိမ်းထားရန် ဆန္ဒရှိကြောင်းလည်း ဆူဇူကီးက ပြောသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**





# ဂျပန်နိုင်ငံအနောက်တောင်ပိုင်း၌ ပြင်းအား ၇ ဒသမ ၁ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွား၊ ဆူနာမီရေလှိုင်းများတက်လာ

**တိုကျို ဩဂုတ် ၈**

ဂျပန်နိုင်ငံအနောက်တောင်ပိုင်း၌ ယနေ့တွင် ပြင်းအား ၇ ဒသမ ၁ အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

ကျူရှူးကျွန်း အရှေ့တောင်ဘက် ကမ်းရိုးတန်းရှိ မီယာဇာကီမြို့မှ မီးပွိုင့်များ ငလျင်လှုပ်ခတ်မှုကြောင့် လှုပ်ခါသွားပုံကို အင်န်အိတ်ချ်ကေသတင်းဌာန၏ ထုတ်လွှင့်မှုတွင် တွေ့မြင်ရသည်။ ယင်းငလျင်လှုပ်ခတ်မှုကြောင့် မိမိ၏ကိုယ်ခန္ဓာလှုပ်ခတ်သွားကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ဆူနာမီ ရေလှိုင်းများ ကမ်းခြေသို့ အကြိမ်ကြိမ်ရိုက်ခတ်လာနေသဖြင့် ဘေးအန္တရာယ်ဆိုင်ရာ သတိပေးချက်မရုပ်သိမ်းမချင်း ပင်လယ်ကမ်းရိုးတန်းဒေသများသို့ သွားလာခြင်းမပြုရန် ဂျပန်မိုးလေဝသဌာနက လူမှုမီဒီယာအိက်စ်တွင် ပြောကြားသည်။

မီယာဇာကီစီရင်စုရှိ မီယာဇာကီဆိပ်ကမ်း၌ ၅၀ စင်တီမီတာရှိသည့် ဆူနာမီရေလှိုင်းများ တက်လာခဲ့သည်။

လက်ရှိအချိန်တွင် မီယာဇာကီလေဆိပ်ရှိ လေယာဉ်ခရီးစဉ်အားလုံးကို ဖျက်သိမ်းခဲ့သည်။ ကာဂိုရှီးမားစီရင်စုရှိ ဆန်ဒိုင်း နျူကလီးယားဓာတ်အားပေးစက်ရုံတွင် ယင်းမြေငလျင်ကြောင့် ထိခိုက်မှုတစ်စုံတစ်ရာ မရှိကြောင်း ကျူရှူးလျှပ်စစ်ဓာတ်အားပေးကုမ္ပဏီက ပြောကြားသည်။ နေ့စဉ်သုံးပစ္စည်းများဝယ်ယူစုဆောင်းထားရန်၊ သက်ကြီးရွယ်အိုများအပါအဝင် မိမိ၏ မိသားစုဝင်များအား ငလျင်ဘေးမကျရောက်စေရေး ပြင်ဆင် ဆောင်ရွက်ထားရန်နှင့် ကယ်ဆယ်ရေးစခန်းများရှိရာ နေရာသို့ သွားရောက်နိုင်ရေး ဆောင်ရွက်ထားရန် ဒေသခံများအား တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-စိုးသူရ**

# အကြမ်းဖက်တိုက်ခိုက်ခံရမည်ဟု ခြိမ်းခြောက်မှုများကြောင့် အမေရိကန်ပေါ့ပ်စတား တေလာဆွစ်ဖ်၏ ဖျော်ဖြေပွဲများ ဖျက်သိမ်း

**ဝါရှင်တန် ဩဂုတ် ၈**

အကြမ်းဖက်တိုက်ခိုက်ခံရမည်ဟု ခြိမ်းခြောက်မှုများကြောင့် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့တော်၌ ကျင်းပရန် စီစဉ်ထားသည့် အမေရိကန်ပေါ့ပ်စတား တေလာဆွစ်ဖ်၏ ဖျော်ဖြေပွဲများကို ဖျက်သိမ်းခဲ့ရကြောင်း သိရသည်။

တေလာဆွစ်ဖ်၏ ဥရောပဖျော်ဖြေရေးခရီးစဉ်တစ်စိတ်တစ်ပိုင်းအဖြစ် ဩဂုတ် ၈ ရက်၊ ၉ ရက်နှင့် ၁၀ ရက်တို့တွင် ရှိုးပွဲများကို စီစဉ်ထားသော်လည်း အကြမ်းဖက်တိုက်ခိုက်မည်ဟု ခြိမ်းခြောက်မှုများကြောင့် ဖျက်သိမ်းခဲ့ရခြင်းဖြစ်သည်။

တေလာဆွစ်ဖ် ဖျော်ဖြေပွဲ ကျင်းပမည့် အားကစားကွင်း၌ အကြမ်းဖက်တိုက်ခိုက်ရန်စီစဉ်ထားသည့်အပေါ် အစိုးရတာဝန်ရှိသူများက အတည်ပြုခဲ့သည့်အတွက် ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း ပွဲစီစဉ်သူက အင်စတာဂရမ်ပို့စ်တွင် ပြောကြားသည်။

ပြည်သူများ ဘေးကင်းလုံခြုံမှုရှိစေရန်အတွက် စီစဉ်ထားသည့် ရှိုးပွဲသုံးခုကို ဖျက်သိမ်းခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

ဖျော်ဖြေပွဲတစ်ခုစီတွင် လူပေါင်း ၆၅၀၀၀ ခန့် တက်ရောက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

ဩဂုတ် ၇ ရက် အစောပိုင်းက ဩစတြီးယားရဲတပ်ဖွဲ့သည် အကြမ်းဖက် တိုက်ခိုက်ရန် ကြံစည်သူဟု သံသယရှိသူ နှစ်ဦးကို ဖမ်းဆီးခဲ့သည်။

သံသယရှိသူများအနက် တစ်ဦးမှာ အိုင်အက်စ်စစ်သွေးကြွအဖွဲ့အား သစ္စာခံသည့် အသက် ၁၉ နှစ်အရွယ် ဩစတြီးယားနိုင်ငံသားဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# အီသီယိုးပီးယားနိုင်ငံ၌ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ဆေးတိုက်ကျွေးသည့် အစီအစဉ်ဆောင်ရွက်

**အဒစ်အဘာဘာ ဩဂုတ် ၈**

အီသီယိုးပီးယားနိုင်ငံ၌ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေးအတွက် နိုင်ငံသား ၁၀ သန်းကျော်အား ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးတိုက်ကျွေးသည့်အစီအစဉ်ကို ဆောင်ရွက်ခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

အီသီယိုးပီးယားနိုင်ငံ၌ ၂၀၂၂ ခုနှစ် ဩဂုတ်လမှစတင်၍ ဝမ်းပျက်ဝမ်းလျှောရောဂါများပျံ့နှံ့ဖြစ်ပွားခဲ့သောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထပ်လောင်းပြောကြားသည်။

နိုင်ငံအတွင်း အမျိုးသားဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးတိုက် ကျွေးရေးအစီအစဉ်အရ နိုင်ငံအတွင်းရှိ ခရိုင် ၈၉ ခုမှ ဒေသခံ ၁၀ ဒသမ ၁၉ သန်းကို ကာကွယ်ဆေးတိုက်ကျွေးခဲ့သည်။

သန့်ရှင်းသည့်ရေရရှိရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးစနစ် အားကောင်းစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က တိုက်တွန်းခဲ့သည်။

**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# လာအိုနိုင်ငံရှိ သစ်တောများတွင် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏ တွက်ချက်ခြင်း၌ ဉာဏ်ရည်တုနည်းပညာ အသုံးပြုဆောင်ရွက်မည်

**ဗီယင်ကျန်း ဩဂုတ် ၈**

လာအိုနိုင်ငံရှိ သစ်တောများ၌ ကာဗွန် ဓာတ်ငွေ့ထုတ်လွှတ်မှုပမာဏတွက်ချက်ခြင်းနှင့် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ လိမ်လည်ခြင်းမှကာကွယ်ရန် အစိုးရက ဉာဏ်ရည်တုနည်းပညာကို သုံးစွဲဆောင်ရွက်မည်ဖြစ်ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

ယခုဆောင်ရွက်ချက်သည် သစ်တောပြုန်းတီးမှုနှင့် သစ်တောမြေအရည်အသွေးကျဆင်းခြင်းတို့မှ တစ်ဆင့် ထွက်ရှိလာသည့် ကာဗွန်ဓာတ်ငွေ့များကြောင့် ဖြစ်လာရသည့် လေထုညစ်ညမ်းမှုများကို လျှော့ချရန်အတွက် သိသာထင်ရှားသည့် ဆောင်ရွက်ချက်ဖြစ်ကြောင်း လာအိုသတင်းအေဂျင်စီက ပြောကြားသည်။ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုဆိုင်ရာအချက်အလက်များနှင့်ပတ်သက်၍ လိမ်လည်ခြင်းမှကာကွယ်ရန် ဉာဏ်ရည်တုနည်းပညာသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်နေပြီး ယင်းနည်းပညာသုံးစွဲခြင်းဖြင့် သက်ဆိုင်ရာလုပ်ငန်းအတွက် ကုန်ကျစရိတ်လျှော့နည်းကာ ထိရောက်အောင်မြင်စွာ လုပ်ငန်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံ၏ ရည်မှန်းချက်ဖြစ်သည့် အစိမ်းရောင်အနာဂတ်ကို အားဖြည့်ပေးမည်ဖြစ်ကြောင်း သိရသည်။ ဉာဏ်ရည်တုနည်းပညာသုံးစွဲခြင်းဖြင့် ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိလာမည်ဖြစ်သည်။ ရည်ရွယ်ချက်မှာ လာအိုနိုင်ငံနှင့် အရှေ့တောင်အာရှဒေသအတွင်းရှိ သစ်တောများတွင် တည်ရှိနေသည့် ကာဗွန်ဓာတ်ငွေ့ ထုတ်လွှတ်မှု တိုင်းတာတွက်ချက်ရေးကို အဆင့်မြှင့်တင်ရန်ဖြစ်သည်။


**ကိုးကား-ဆင်ဟွာ**

**ဘာသာပြန်-စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဩဂုတ် ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၆ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် ရန်ကုန်လေဆိပ် (ကုန်လှောင်ရုံ)၌ ပိုင်ရှင်ကစွန့်လွှတ်ကြောင်းတင်ပြလာသည့် စင်ကာပူနိုင်ငံထုတ်ခေတ်ခွဲခန်းသုံး အမွှေးနံ့သာဆီနမူနာ Fragrance Oils ၄၄ ဘူး၊ United Kingdom နိုင်ငံထုတ် Engine Generator Controller တစ်ခု (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၁၁၉၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အတူ ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှု ဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးစခန်း၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Wai Wai ခေါက်ဆွဲခြောက် အထုပ် ၆၀၆၀ နှင့် Mistine Whitening Lotion ဘူး ၂၄၀၀၀ ၊ အင်ဒိုနီးရှားနိုင်ငံထုတ် VAS ဟင်းသီးဟင်းရွက်ဆီ ၂၀ လီတာပါ ပုံး ၄၅၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၃၆၄၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunlong Bus တစ်စီး၊ Mitsubishi Fuso Truck တစ်စီးနှင့် Isuzu Giga Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၀၀၀၀၀၀) (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၆၄၆၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဩဂုတ် ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၇၃၀ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၂၂၅၇၆)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ် ၆ ရက်နှင့် ၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၅၉၆၉၇၆၆)ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။


သတင်းစဉ်

# ပုသိမ်ကြီးမြို့နယ် ဖယောင်းတောင်ရွာကို စစ်တပ်က လေကြောင်းဖြင့်ဗုံးကြဲတိုက်ခိုက်မှု ပြည်သူ ခုနစ်ဦး သေဆုံးဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်ဖယောင်းတောင်ရွာကို ဩဂုတ် ၆ ရက် ညပိုင်းတွင် စစ်တပ်က လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့မှုကြောင့် ပြည်သူ ၇ ဦး သေဆုံးခဲ့သည်ဟု တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

တပ်မတော်အနေဖြင့် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေး ( Counter- Terrorism Operation) ကို ဆောင်ရွက်နေသည့်ကာလတွင် ဒေသခံပြည်သူလူထု၏ သတင်းပေးပို့မှုများဖြင့် အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းနေထိုင်သည့် နေရာကိုသာ တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်သောင်းကျန်းသူများသည် စစ်ရေးပစ်မှတ်မဟုတ်သည့် အရပ်ဘက်ပစ်မှတ်များအား Drop Bomb များ၊ ရှေ့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်လျက်ရှိသည်ကို ပြည်သူများအသိပင်ဖြစ်ပြီး ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများ၏ လက်နက်ကြီးများ၊ ရှေ့တိုက်ဒုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ဒေသခံပြည်သူများ သေဆုံးခဲ့ရသည်ကို အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများက နိုင်ငံတကာက တပ်မတော်အပေါ် သတင်းအမြင်လွဲမှားစေရန်နှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ လုပ်ရပ်များကိုဖုံးကွယ်ရန်အတွက် လူမှုကွန်ရက်မှတစ်ဆင့် သတင်းမှားများကို ဖြန့်ဝေခြင်းဖြစ်ကြောင်း သိရသည်။




သတင်းစဉ်

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဩဂုတ် ၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဩဂုတ် ၇ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် “U Naing Htun” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ညောင်ကွဲရပ်ကွက်နေ နိုင်လင်းထွန်းအား ည ၉ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “Hnin Ea Krai” Tik Tok အကောင့်ပိုင်ရှင်ဖြစ်သူ အမရပူရမြို့နယ် ကျန်တန်းရပ်ကွက်နေ နှင်းနှင်းအေးအား ည ၉ နာရီ ၂၅ မိနစ်တွင် လည်းကောင်း၊ “ဝဏ္ဏထွန်း(Wanna Tun)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ ထွန်းရီအား ည ၈ နာရီ ၅၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၈-၂၀၂၄ သောကြာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(အာဋာနာဋိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ပြည်တွင်းထုတ်ကုန်အားဖြင့်လူမှုဘဝမြင့်မားစေရမည်
- ၀၉:၁၅ ပိုင်းဝန်းလက်တွဲဆောင်ရွက်ပေးကျောင်းတိုင်းကျောင်းတိုင်းကျန်းမာရေး
- ၀၉:၃၅ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၅ လူမှုစီးပွားသတင်းများ
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ ‘အမုန်း၏အလွန်’ (အပိုင်း-၁၇)
- ၁၃:၃၀ MRTV National News
- ၁၄:၂၀ လူငယ်ရေးရာအစီအစဉ်
- ၁၆:၅၀ မျိုးဝုဏ်တင့်စေဆိုကရေးတီးအငွေ့
- ၁၇:၀၅ နိုင်ငံတော်မှအလေးထားဆောင်ရွက်ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်
- ၁၇:၄၅ အိုလံပစ်အားကစားပြိုင်ပွဲ (Highlight)(15)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၀ အိုလံပစ်အားကစားပြိုင်ပွဲအစီအစဉ်(၁၅)
- ၁၈:၄၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ ‘လျှို့ဝှက်အချစ်ရဲ့ဂတားကွက်’ (အပိုင်း-၁) (မိုးယံဇွန်၊ နေဒွေး၊ အိစ်ကွေး၊ မင်းအာကာ၊ ယွန်းဝတ်လွှာအောင်၊ ခင်ယမုံသင်း၊ L.လစ်ရှာ၊ ဆီဆန်ကျော်ဇော)(ဒါရိုက်တာ-မိုးယံ)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ‘မိုးစက်များ’ တေးဂီတဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ ‘အံ့ဘွယ်ချစ်ပုံပြင်’ (အပိုင်း-၁၀)

### mitv

- 07:01 Evergreen Classic: Te Ja Su Ne Ma (Tekkatho Lei Lei)
- 07:10 The Ornithologist: Dr. Thein Aung
- 07:43 Myanmar Masterclass: Artist Phyu Soe Myint Kyaw
- 08:01 News
- 08:26 Asia Updates; Energy Saving Hour (NHK World)
- 08:29 A Trip to Gyobyu Reservoir (Part-2)
- 08:48 People's Military Service Law 3
- 09:01 Myanmar Puppeteers (Tha Nge Taw Dance)
- 09:11 Mahavihara: From Forest Monastery to Dhamma-Vinnya University
- 09:45 Popsicle Sticks Art Creator
- 10:01 News
- 10:26 Lifestyle & Entertainment (Weekly Updates)

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
‘ဝ’ ဘာသာစကားပြောကြရအောင် (တိရစ္ဆာန်ဆိုင်ရာအခေါ်အဝေါ်များ)

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ကြက်ဆန်ပျော့

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
တောင်တန်းမြေမှ ပွင့်သောပန်း

**ဝကကကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သံတောင်မြို့အလှနှင့် ဘွဲ့ကရင်တိုင်းရင်းသားတို့ရဲ့သဘာဝ

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
အနောက်တောင်အရပ်ကကျွန်းမြို့ဆီသို့

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
ပန်းလိုမွှေး၍စွမ်းသည့်ဆေး

**ချင်း (လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ကျန်းမာရေးအတွက် ကောင်းကျိုးများသည့် မဟာကာကြံဆစ်

**ချင်း (ချို) (၁၆:၀၀ မှ ၁၇:၀၀)**
ချင်းရိုးရာပုံပြင် (အပိုင်း-၂) (မျောက်ကလေးရဲ့ မတော်တဆမှု)

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ရာသီစာသပြည်သီးဟင်းလျာ

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
အနစ်နာခံသူရဲ့နှလုံးသား

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
မောရှမ်းနှင့်ရွှေမန်းနယ်စပ်က သာယာလှပ ဆင်ခေါင်းတောင်အလှ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၀:၄၅ Soccer View
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၄၅ 2024 Paris Olympic Football Highlights
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (အစ္စရေးနိုင်ငံ)
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ’
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၄၉)
- ၁၈:၀၀ Economic Review

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၅ တောင်သူအများပြုံးရွှင်ဖို့ ချည်မျှင်ရှည်ဝါစိုက်ကြပါစို့
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၀၇:၁၅ စိုက်ပျိုးမွေးမြူသုတဘာဏ်
- ၁၈:၀၀ မကြွေပါနဲ့ဆာကူရာ (ဇာတ်လမ်း)
- ၂၂:၀၀ Barbie (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၀၇:၂၀ PARIS OLYMPIC GAMES SPECIAL
- ၀၇:၄၀ Soccer View
- ၁၁:၀၀ အားကစားသတင်း
- ၁၈:၀၀ E Sports

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို

## ဟားခါးမြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထုတ်ချေးမှုများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ဟားခါး ဩဂုတ် ၈

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထုတ်ချေးမှုများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အမှတ်စဉ် ( ၃/၂၀၂၄ ) ကို ဩဂုတ် ၈ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထုတ်ချေးမှုနှင့်ပတ်သက်၍ ယခင်အစည်းအဝေး ဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ဌာနဆိုင်ရာတာဝန်ရှိသူများက ရှင်းလင်းတင်ပြရန်နှင့် ပြည်နယ်အစိုးရအဖွဲ့က ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်ဆောင်ရွက်ပေးရန် လိုအပ်သည့်အချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြစေလိုကြောင်း အမှာစကားပြောကြားသည်။



ထို့နောက် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးဟန်ကျင့်ဇမ်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာတာဝန်ရှိသူက မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြအစီရင်ခံရန်လိုအပ်ကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် ယခင်အစည်းအဝေးဆုံးဖြတ်ချက်များကို ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်တိုးက ဖတ်ကြားပြီး အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် တင်ပြလိုသည့်အချက်များကို သက်ဆိုင်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းတင်ပြကြပြီး ပြည်နယ်သမဝါယမဦးစီးဌာန၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးများက ဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ပြည်နယ်ဥပဒေချုပ် ဦးဆွန်းဒုတ်ကျင်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအောင်ချိုတို့က အကြံပြုဆွေးနွေးတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**




## ပြင်ဦးလွင်မြို့နယ်ကို အကြမ်းဖက်သမားများက မကြာမီတိုက်ခိုက်မည်ဆိုသောသတင်းများကြောင့် တပ်မတော်သားများ၏ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၏ မိသားစုဝင်များသည် ပြောင်းရွှေ့နေကြောင်း ကောလာဟလသတင်းများ ရေးသားဖြန့်ဝေ

နေပြည်တော် ဩဂုတ် ၈

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ကို အကြမ်းဖက်သမားများက မကြာမီတိုက်ခိုက်မည်ဆိုသော သတင်းများကြောင့် တပ်မတော်သားများ၏ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၏ မိသားစုဝင်များသည် ပြောင်းရွှေ့နေကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက ကောလာဟလသတင်းများ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းမှာ မှန်ကန်မှုမရှိသည့် ကောလာဟလသတင်းသာ ဖြစ်ကြောင်း သိရှိရပြီး ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများ စိတ်ဓာတ်ကျဆင်းစေရန်၊ ဒေသခံပြည်သူများ အထိတ်တလန့်ဖြစ်စေရန်နှင့် အကြောက်တရားလွှမ်းမိုးစေရန် ရည်ရွယ်ချက်ဖြင့် လုပ်ကြံရေးသားဝါဒဖြန့်နေခြင်းသာ ဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ပြည်သူများနှင့်ပူးပေါင်းကာ မြို့၊ ရွာလုံခြုံရေးအတွက် စနစ်တကျဆောင်ရွက်လျက်ရှိကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားဖြန့်ဝေနေသော ကောလာဟလသတင်းများအား ပြည်သူများ မယုံကြည်ကြရန်နှင့် ယင်းမြို့တွင် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများမှာ ပုံမှန်သွားလာလျက်ရှိသလို ၎င်းသတင်းနှင့်ပတ်သက်၍ ပြင်ဦးလွင်မှ ဒေသခံတစ်ဦးထံ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းခဲ့ရာ "ကျွန်မကတော့ ပြင်ဦးလွင် ရပ်ကွက်ကြီး (၁၉) ကပါ။ ပြင်ဦးလွင်မှာကတော့ အေးအေးချမ်းချမ်းပါပဲ။ လုံခြုံရေးတပ်ဖွဲ့ဝင်တွေက မြို့လုံခြုံရေးကို စစ်ဆေးဆောင်ရွက်နေတာပဲရှိပါတယ်။ အားလုံးကတော့ အေးအေးချမ်းချမ်းပါပဲ။ လိုင်းပေါ်ကသတင်းတွေက ကောလာဟလတွေပဲဖြစ်ပါတယ်။ အဲဒါတွေကတော့ ပြင်ဦးလွင်မြို့ရဲ့ တည်ငြိမ်မှုကို ပျက်ပြားအောင်လုပ်နေတဲ့ ကောလာဟလတွေပဲဖြစ်ပါတယ်"ဟုပြန်လည်ပြောကြားခဲ့သည်။ **သတင်းစဉ်**

## စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာဝန်ဆောင်မှုလုပ်ငန်းများကို ICT နည်းပညာဖြင့် ထိရောက်စွာ အသုံးချဆောင်ရွက်သွားမည်

နေပြည်တော် ဩဂုတ် ၈

ICT နှင့် e-government လုပ်ငန်းများ တိုးတက်အကောင်အထည်ဖော် ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က နေပြည်တော်ရှိ စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲညွှန်ကြားရေးမှူးနှင့် ICT ကျွမ်းကျင်သူ အရာထမ်းများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် နိုင်ငံတော်က ICT နှင့် e-government လုပ်ငန်းများကို အလေးထား ဆောင်ရွက်လျက် ရှိကြောင်း၊ ယခင်ရှိပြီး ပညာပေးစာအုပ်စာစောင်စာတမ်းများမှ remake (အသစ်) ပြုလုပ်၍ e-book အဖြစ် website တွင် လွှင့်တင်၍ ကြည့်ရှုလေ့လာနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ICT နှင့် e-government လုပ်ငန်းများမှာ ကျယ်ပြန့်၍ ငွေကြေးနှင့် ကျွမ်းကျင်မှုများ လိုအပ်သဖြင့် ဌာနစိတ်တစ်ခုအဖြစ် သီးခြားတာဝန်ပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ရုံးတွင်းလုပ်ငန်းများအတွက် e-government လုပ်ငန်းများ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အကောင်အထည်ဖော်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက ပြောသည်။

တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်ငန်း ကွင်းဆက်တစ်လျှောက်တွင် ပါဝင်ပတ်သက်သူအားလုံး အကျိုးစီးပွားတိုးတက်အောင်မြင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာဝန်ဆောင်မှုလုပ်ငန်းများကို ICT နည်းပညာကို ထိရောက်စွာအသုံးချဆောင်ရွက်မည်ဖြစ်သည်။

စိုက်ပျိုးရေး နည်းပညာများ၊ ဈေးကွက်သတင်းများ၊ ရာသီဥတုနှင့် သဘာဝဘေးဆိုင်ရာများ သတင်းအချက်အလက်နှင့် နှိုးဆော်ချက်များကို မိုဘိုင်းဖုန်းအသုံးပြု လူမှုကွန်ရက်မီဒီယာများတွင် အချိန်နှင့်တစ်ပြေးညီ ဖော်ပြပေးခြင်း၊ ဝက်ဘ်ဆိုက်စာမျက်နှာများတွင် အလွယ်တကူဝင်ရောက်လေ့လာနိုင်ရန် စီမံဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ သိရှိလိုသည်များမေးမြန်းနိုင်ရန် doa. agrichatbot application ရေးဆွဲဖြန့်ဝေပေးရန် စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည်။

လက်ရှိတွင် social media များတွင် စိုက်ပျိုးရေးဆိုင်ရာ သတင်းအချက်အလက်နှင့် နည်းပညာများ လွှင့်တင်ထားသကဲ့သို့ website တွင်လည်း စိုက်ပျိုးရေး ပညာပေးကဏ္ဍများ၊ သတင်းများ၊ e-book များ လွှင့်တင်ထားပြီး ဆက်လက်၍ agrichatbot application ကို လွှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

**လေးလေးသန်း**
**ဓာတ်ပုံ – စိုက်ပျိုးရေး**

## ယူအေအီးနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူနှစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

ရန်ကုန် ဩဂုတ် ၈

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပတွင် ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ် ရုံးနှင့် မြန်မာသံရုံးတို့က သက်ဆိုင်ရာ နိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယူအေအီးနိုင်ငံ အဘူဒါဘီမြို့သို့သွားရောက်အလုပ်လုပ်ကိုင်စဉ် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မအိအိထွန်းနှင့် မအိဇင်ထွန်းတို့ ညီအစ်မနှစ်ဦးအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရေး မြန်မာကောင်စစ်ဝန်ချုပ်ရုံးအနေဖြင့် ယူအေအီးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်ပေးမှုအရ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မြန်မာနိုင်ငံသူနှစ်ဦးသည် ဩဂုတ် ၇ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ဒူဘိုင်း – ရန်ကုန် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာခဲ့ပြီး ရန်ကုန်မြို့သို့ ည ၁၀ နာရီ ၁၀ မိနစ်တွင် ရောက်ရှိခဲ့သည်။



မအိအိထွန်းနှင့် မအိဇင်ထွန်းတို့ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

ယူအေအီးနိုင်ငံတွင် အခက်အခဲများ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာကောင်စစ်ဝန်ချုပ်ရုံး အနေဖြင့် ကူညီ ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော် အစိုးရအနေဖြင့် ပြည်ပ၌ အလုပ်လုပ်ကိုင်စဉ် အခက်အခဲ ကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများကို မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့၏ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာကောင်စစ်ဝန်ချုပ် ရုံးနှင့် မြန်မာသံရုံးတို့အား လှိုက်လှဲစွာ အထူး ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ– ကနူး**




# "မိုးစက်များ" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဩဂုတ် ၈

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ဩဂုတ် ၉ ရက်(သောကြာနေ့)ည ၉ နာရီခန့်တွင် "မိုးစက်များ" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နာမည်ကျော် တေးသံရှင် ရသ၊ ရုပ်ရှင်သရုပ်ဆောင် နေဒွေး၊ တေးသံရှင် စောဒယ်နီရယ်နှင့် ရုပ်ရှင်သရုပ်ဆောင် မိုးပြည့်ပြည့်မောင်၊ တေးသံရှင်များဖြစ်ကြသည့် ဈာန်ထူး၊ မေထူးကျော်၊ ချိုမီမီဇော်၊ ချစ်စုစံ၊ တုန်တုန်နှင့် ခင်ဘုဏ်းမြတ်သာတို့က မိုးသည်းထဲမှ အချစ်၊ အလွမ်းဖြစ်ရပ်များ၊ ခန့်မှန်းရခက်သည့် မိုးနှင့် မိုးရာသီပုံရိပ်များကို ဖော်ကျူးရေးဖွဲ့ထားသည့် တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ဩဂုတ် ၁၁ ရက်၊ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# "ချစ်စရာ့အရွယ် ကစားကြမယ်"ကလေးအစီအစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၈

"ချစ်စရာ့အရွယ် ကစားကြမယ်"ကလေးအစီအစဉ်ကို MRTV HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၀ ရက်(စနေနေ့)နံနက် ၁၁ နာရီတွင် ဥတ္တရသီရိ မူလတန်းကြိုကျောင်းနှင့် အမျိုးသားလွှတ်တော် မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ ပါဝင်ကစားကြပုံများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel တွင် ဆက်လက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

### ပူးပေါင်းစီစဉ်တင်ဆက်

အဆိုပါအစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များအချင်းချင်း ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား နှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းစီစဉ်တင်ဆက်ခြင်းဖြစ်ရာ MRTV App မှ Streaming မှလည်း တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ဩဂုတ် ၁၂ ရက်(တနင်္လာနေ့)ညနေ ၄ နာရီ သတင်းအပြီးတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဩဂုတ် ၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၀ – ၈ – ၂၀၂၄ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၆)၊ အမှတ်(၃၂)တွင် အခြားသူများကဲ့သို့ စွမ်းဆောင်နိုင်စွမ်းမရှိဟု စိတ်အားငယ်နေရာမှ သူ၏ အစွမ်းအစကို သိရှိသွားသော ဘဲလေးအကြောင်းကို ရေးဖွဲ့ထားသည့် "အစွမ်းကိုယ်စီ" မျက်နှာဖုံးကာတွန်း၊ အသံလှိုင်းများ ဖြစ်ပေါ်လာပုံနှင့် အသံလှိုင်း၏ အတိုးအကျယ်ကို ဗဟုသုတဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "အသံလှိုင်း" သုတဆောင်းပါး၊ ကျောင်းအားလပ်ရက်တွင် ရပ်ကွက်သန့်ရှင်းရေးလုပ်ရာ၌ အကူအညီပေးခဲ့သော မိဆုတို့သူငယ်ချင်းများအကြောင်းကို ရေးဖွဲ့ထားသည့် "မိဆုနဲ့ မိုးရာသီ" နှစ်မျက်နှာကာတွန်း၊ မိမိတို့၏ အယူအဆအမှားကြောင့် သူတစ်ပါး ဒုက္ခရောက်အောင် လုပ်ဆောင်မိ၍ နောင်တရသွားသော မောင်ကြီးနှင့် မောင်ငယ်တို့ ညီအစ်ကိုနှစ်ဦးအကြောင်းကို ရေးဖွဲ့ထားသည့် "ညီအစ်ကိုနှစ်ဦးနှင့်မြည်းလေး" ပုံပြင်၊ ရွှေသွေးဂျာနယ်တွင် ထည့်သွင်းနိုင်ရန် စာရေးဆရာများနှင့် ကာတွန်းဆရာများထံမှ စာမူနှင့် ကာတွန်းဒီဇိုင်းများ ပို့ပေးနိုင်ရန် ကြော်ငြာသည့် "ရွှေသွေးဂျာနယ်သို့ စာမူနှင့် ကာတွန်းဒီဇိုင်းများပေးပို့ရန် ဖိတ်ခေါ်ခြင်း" ကြော်ငြာ၊ မုန့်ကိုတက်သော ပုရွက်ဆိတ်များသည် လက်ဆေးမထားသောကြောင့် ပုရွက်ဆိတ်တက်ထားသောမုန့်ကို မစားလိုသော ဖိုးတစ်တိုအကြောင်းကို ဟာသဖြစ်ဖွယ်ရေးဖွဲ့ထားသည့် "ဖိုးတစ်တို" တစ်မျက်နှာကာတွန်း၊ အစ်မဖြစ်သူ၏စကားကို နားမထောင်ဘဲ အပြင်ထွက်၍ ကစားမိသဖြင့် ခွေးလိုက်ခံခဲ့ရသော လင်းထက်အကြောင်းကို ရေးဖွဲ့ထားသည့် "လင်းထက် – လိမ္မာပါ" နှစ်မျက်နှာကာတွန်း၊ ခွင့်စာကိုလိမ်ညာရေးသဖြင့် ဆရာမ၏ အပြစ်ပေးခြင်းကိုခံရသည့် ဘုန်းဆင့်သူ အကြောင်းကို ရေးဖွဲ့ထားသည့် "ဘုန်းဆင့်သူ ပါဝင်သောခွင့်စာ"နှစ်မျက်နှာ ကာတွန်း၊ ပြောင်းရွှေ့နေထိုင်မည့် အိမ်အသစ်တွင် ရေဖွင့်ပေးရန် ရေပေးဝေရေးကုမ္ပဏီအား အကြောင်းကြားပုံကို ပြောဆိုပုံအမျိုးမျိုးနှင့် ရေးဖွဲ့ထားသည့် "ရွှေသွေးစကားဝိုင်း"အင်္ဂလိပ်စာကဏ္ဍ၊ ကလေးလက်ရာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၃၅ | ၂၉၆၅ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၇၀ | ၃၂၇၀ | ၄၅၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၇၀ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၅ | ၂၉၉၅ | ၂၉၅၀ | ၃၀၇၅ | ၃၁၀၅ | ၂၉၆၀ | ၂၉၇၅ | ၃၀၀၅ | ၂၉၉၅ | ၃၀၁၀ | ၃၄၁၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၀ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၅၅ | ၂၅၇၀ | ၂၉၇၅ | ၄၅၅၀ |
| HSD (50 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |
| HSD (10 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၀ | ၂၆၈၆ |
| 95 Ron | ၂၇၃၆ | ၂၈၂၄ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၇ |
| HSD (50 ppm) | ၂၇၉၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၇၉၀ | ၂၈၇၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

### ❖ ကျောဖုံးမှ

ယခုနှစ်မိုးစပါးစိုက်ဧက ၆၂၃၈၅ ဧက စိုက်ပျိုးရန်လျာထားလျက်ရှိရာ ပန်းတိုင်အထွက်နှုန်းရရှိနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက ဒေသခံတောင်သူများ စားရေရိက္ခာဖူလုံရေး၊ ဝင်ငွေတိုးပွားစေရေး၊ စိုက်ပျိုးထုတ်လုပ်မှု အရည်အသွေးများကောင်းမွန်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များ တိုးချဲ့နိုင်စေရေးတို့အတွက် အသိပညာပေးခြင်း၊ ကွင်းသရုပ်ပြပွဲများပြုလုပ်ခြင်း၊ မိုးစပါး Seeder စိုက်ပျိုးနည်းစနစ်များ အသိပညာပေးခြင်းနှင့် ဒေသခံတောင်သူများ နည်းပညာနားလည်တတ်ကျွမ်းပြီး လိုက်နာဆောင်ရွက်လာစေရန် စသည်တို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာ အုပ်စုပေါင်း ၉၂ အုပ်စုရှိ၍ ဒေသရေမြေသဘာဝထွက်ရှိမှု၊ ဝယ်ယူမှု၊ စားသုံးမှုနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးသန့်စပါးဖြစ်သည့် မနောသုခမိုးစပါးကို တောင်သူများက အများဆုံး ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးလျက်ရှိပြီး အခြားစပါးမျိုးဖြစ်သည့် ရောမင်း(ရက် ၉၀)စသည့် စပါးမျိုးများကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။ **ဝင်းမင်းထွန်း(မြစ်သား)**

### ❋ မန်စီးတီးမှ

လက်ရှိအချိန်မှာ အယ်လ်ဗာရက်ဇ်ကို ခေါ်ယူဖို့လည်း ပုဂ္ဂိုလ်ရေးဆိုင်ရာသဘောတူညီမှုရရှိထားပြီဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ အာဂျင်တီးနားတိုက်စစ်မှူး အယ်လ်ဗာရက်ဇ်ကို ၂၀၂၂ ခုနှစ်အတွင်းက ရစ်ဗားပလိတ်အသင်းကနေ ပြောင်းရွှေ့ကြေးပေါင် ၁၄ ဒသမ ၁ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပြီး အယ်လ်ဗာရက်ဇ်အနေနဲ့ မန်စီးတီးအသင်းအတွက် ပွဲစဉ်စုစုပေါင်း ၁၀၆ ပွဲ ပါဝင်ကစားပေးထားကာ သွင်းဂိုး ၃၆ ဂိုးအထိ သွင်းယူပေးထားသူလည်းဖြစ်ပါတယ်။

အယ်လ်ဗာရက်ဇ်ဟာ မန်စီးတီးအသင်းကို စတင်ရောက်ရှိခဲ့တဲ့ ဘောလုံးရာသီမှာ တစ်ရာသီအတွင်း ဆုဖလားသုံးလုံးကို ရယူပေးနိုင်ခဲ့တဲ့အပြင် ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာလည်း အာဂျင်တီးနားအသင်းနဲ့ ကမ္ဘာ့ဖလားဆုဖလားကို ရယူပေးနိုင်ခဲ့တဲ့ကစားသမားတွေထဲက တစ်ဦးလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

(၇-၈-၂၀၂၄ ရက်နေ့မှအဆက်)

ကျွန်တော့်ရင်ထဲမှ စကားများစွာကို ပြောထွက်လုနီးပါး လှုပ်ရှားနေကြသည်။ စာမပေးဘဲ တစ်ခါတည်းပြောလိုက်ရရင် ကောင်းမလားစဉ်းစားမိ၏။ သို့သော် ဖြစ်လာမည့်အခြေအနေကို ကျွန်တော် တိတိကျကျ ရင်မဆိုင်ရဲ။

"ပြန်လှည့်ရအောင်"

သူ့စကားကြောင့် အတွေးပျက်သွားပြီး နှစ်ယောက်သားနောက်ကြောင်းပြန်လှည့်ခဲ့ကြသည်။

အပြန်လမ်းတွင် သူက စလိုက်နောက်လိုက်လုပ်နေသော စကားများကို အလိုက်သင့် ပြန်ပြောနေခဲ့သော်လည်း ရင်ထဲမှာ အလုပ်များစွာရှုပ်နေ၏။

အခြေအနေကိုလည်း အကဲခတ်နေမိသည်။

သိပ်တော့မဆိုး၊ ကိုယ့်ဘက်ကသာကိုယ်သာသာထိုးထိုး တွက်ကြည့်လျှင် အခြေအနေ အများကြီးကောင်းသည်။ သူပြောဆိုသည့်စကားလေးများတွင် သံယောဇဉ်အငွေ့ကို တွေ့၏။ သူ့အပြုံးများတွင် ရင်းနှီးမှုပါသည်။

စိတ်ထဲတွင် တစ်ခုတွေးမိသည်။ သူ စာကို လက်ခံယူပါ့မလားဟူသော စိုးရိမ်အတွေး။

သူလည်း တက္ကသိုလ်ကျောင်းသူတစ်ယောက်မို့ ကျွန်တော်စာထုတ်ပေးလျှင် သူကောင်းကောင်း သဘောပေါက်ပါလိမ့်မည်။ သည်အချိန်မှာ သူ့တုံ့ပြန်မှုကို အကဲခတ်ရုံသာ။

ကြည်ကြည်ဖြူဖြူ လက်ခံ၍ကတော့

ဖိုးထွန်းဝေတို့ အဓိပတိလမ်းမပေါ်မှာ ကင်းမြီးကောက်ထောင်ပြီး လမ်းလျှောက်ရုံသာရှိတော့၏။

"ကိုထွန်းဝေ၊ ဘာတွေ တွေးနေတာလဲ"

သူ့စကားကြောင့် ဖျတ်ခနဲ သတိဝင်လာသည်။

နေရာက မန္တလေးဆောင်ရှေ့ ပြန်ရောက်နေ၏။ အချိန်တန်ပေပြီ။

"ဩော် ... ဘာမှမဖြစ်ပါဘူး၊ တစ်ခုကို သတိရလို့"

"ဟုတ်လား၊ ဘာသတိရလို့လဲ"

"ခင်လေးကို ပေးစရာတစ်ခုရှိလို့ "

သူ့မျက်နှာတွင် အံ့သြရိပ်ပေါ်လာသည်။

"ခင်လေးကို ..."

"ဟုတ်တယ်၊ ခင်လေးကို"

"ဟာ . . . တယ်ဟုတ်ပါလား၊ ဘာများလဲ"

သူ့မျက်နှာတွင် ဝင်းခနဲအပြုံးရိပ်ကို တွေ့၏။ ကျွန်တော်က လက်ထဲရှိ စာအုပ်များကြားထဲမှ စာညှပ်ထားသောစာအုပ်ကိုယူလိုက်ပြီး -

"ရော့ ... ခင်လေး"

ခင်လေးက ကျွန်တော့်ကို မျက်မှောင်ကြုတ်ကြည့်ရင်း -

"ဘာတွေလဲ"

"ခင်လေး ဖွင့်ကြည့်ရင် သိပါလိမ့်မယ်"

"ခုကြည့်ရမလား"

ကျွန်တော် ပျာပျာသလဲ လက်ကာ၍ -

"ဟင့်အင်း . . . ခုမကြည့်နဲ့၊ နောက်ပြီးမှကြည့်"

"အင်း . . . ပြီးရော၊ ပြီးရော"

ပြီးရောဆိုလျှင်တော့ လစ်စရာပဲရှိပြီမို့ -

"ကဲ . . . ကျွန်တော် သွားမယ်နော် ခင်လေး၊ ဟိုမှာ ပေါ်ဦး စောင့်နေလိမ့်မယ်"

အခြေအနေကိုလည်း အကဲခတ်နေမိသည်။
သိပ်တော့မဆိုး၊ ကိုယ့်ဘက်ကသာကိုယ်သာသာထိုးထိုး
တွက်ကြည့်လျှင် အခြေအနေအများကြီးကောင်းသည်။
သူပြောဆိုသည့်စကားလေးများတွင် သံယောဇဉ်အငွေ့ကို
တွေ့၏။ သူ့အပြုံးများတွင် ရင်းနှီးမှုပါသည်။
စိတ်ထဲတွင် တစ်ခုတွေးမိသည်။
သူ စာကို လက်ခံယူပါ့မလားဟူသော စိုးရိမ်အတွေး။
သူလည်း တက္ကသိုလ်ကျောင်းသူတစ်ယောက်မို့
ကျွန်တော် စာထုတ်ပေးလျှင်
သူကောင်းကောင်း သဘောပေါက်ပါလိမ့်မည်။
သည်အချိန်မှာ သူ့တုံ့ပြန်မှုကို အကဲခတ်ရုံသာ




ခင်လေးက ပြုံး၍ ခေါင်းညိတ်ပြသည်။

ကျွန်တော် ချာခနဲ လှည့်ထွက်လာခဲ့သည်။ နှစ်လှမ်း၊ သုံးလှမ်းလှမ်း၍ ပြန်ကြည့်လိုက်သောအခါ ခင်လေးသည် ကျွန်တော့်ကို ပြုံး၍ကြည့်မြဲကြည့်နေသည်ကို တွေ့လိုက်ရ၏။

ဝမ်းသာလွန်းသဖြင့် ထမခုန်မိရန် ထိန်းထားလိုက်ရသည်။

လှမ်းလာသည့် ခြေလှမ်းများသည်လည်း မြေကြီးနှင့် လွတ်နေ၏။

မန္တလေးဆောင်ကွယ်သည်နှင့် ပေါ်ဦးဆီ တအားပြေးသွားမိသည်။ ဘယ်သူကြည့်ကြည့် ဂရုမစိုက်တော့။

တလောကလုံးမှ အပျော်များ ကျွန်တော့်ဆီ စုပြုံရောက်ကုန်သည်။

အပျော်ဆုံးနေ့ . . .။

(၁)

"ထွန်းဝေ၊ ဟိုမှာ ကြည့်စမ်း"

ပေါ်ဦး၏ အသံကြောင့် သူပြသည့်နေရာကို ဖျတ်ခနဲလှမ်းကြည့်သည်။ သူ့စကားသံမှာ စက်ဆုပ်ခြင်းများစွာ ပါနေသည်။

ရာမည၊ ဦးချစ်၊ တောင်ငူ သုံးပွင့်ဆိုင်၏ ကြားကွက်လပ်နေရာတွင် မြင်းချေးရောင် ကိုရိုလာကားတစ်စင်း။ ရှေ့တံခါးနှစ်ဖက်လုံး ပွင့်နေသည်။ ကားကိုက လောကကြီးကို နည်းနည်းမှ ဂရုမစိုက်ဟန်ပေါက်နေ၏။

လူတွေကတော့ သည့်ထက်ပင် အမြင်ကတ်စရာကောင်းနေပေ၏။

တောသားပဲ ပြောချင်လည်းပြောတော့။ တကယ်လည်း တောကလာသူမို့ နာစရာတော့မရှိပါ။ သို့သော် သည်အခြေအနေထိရောက်လာပြီးမှတော့ ကျွန်တော်တို့ မျက်လုံးများသည်လည်း သည်လောက်ခေတ်နောက်မကျပါ။

သို့တိုင် သည်ကောင်တွေ ကြည့်ရတာတော့ နည်းနည်းလေးမှ ဘဝင်မကျ။

ဆံပင်ရှည်ထားပါ။ ဒါက သိပ်ထူးဆန်းသည့် လုပ်ငန်းမဟုတ်။ ကျွန်တော်တို့ကိုယ်တိုင်ပင် ကုပ်မထောက်ရင်တောင် ကော်လံတော့ဖုံးပါသည်။ ဆံပင်ရှည်ခြင်းကို မည်သည့်လူငယ်မဆို ခေတ်ယဉ်ကျေးမှုအနေဖြင့် လိုလိုလားလား လက်ခံနေပြီးသားပါ။

သည်ကောင်တွေ ဆံပင်ကျတော့ နည်းနည်း လွန်ကိုလွန်သည်။ တစ်ကောင်၏ ဆံပင်ကို ဥပမာကြည့်ပါ။ နီကြောင်ကြောင် ကောက်ကွေးကွေး ဆံပင်များသည် ဘေးဘက်ကားနေသလို အရှည်ကလည်း ကျောလယ်ထိ။

ပိုဆိုးတာက နှုတ်ခမ်းမွေး။

လောကမှာ အလကားနေရင်း ကိုယ့်ထမင်းကိုယ်စား၊ ကိုယ့်ပစ္စည်းနှင့်ကိုယ် အမြင်ကတ်ခံရခြင်းကိစ္စတွင် နှုတ်ခမ်းမွေး မတော်တရော်ထားခြင်းသည် ထိပ်ဆုံးကပါသည်ဟု ဆိုချင်သည်။

အသားကမည်းမည်း၊ သည်ဆံပင်ရှည်၊ သည်နှုတ်ခမ်းမွေးနှင့် သည်မျှချဉ်စရာကောင်းသော အကောင်တစ်ကောင်။ ကျန်တစ်ကောင်က အသားဖြူဖြူ ဆံပင်ရှည်ရှည်၊ မျက်လုံးမှေးမှေး၊ မျက်ခွံအိအိနှင့် တစ်လောကလုံးကို တစ်ယောက်တည်း ဒိုင်ခံလုပ်ကျွေးနေရသည့် မျက်နှာမျိုး။

နောက်တစ်ကောင်က ခေါင်းတုံးပြန်ပေါက်စဆံပင်နှင့် စုတ်ချွန်းချွန်း မျက်နှာပိုင်ရှင်။ ပိန်သေးညှောင်နာ၍ ဖင်ကို လိမ်ကျစ်လိမ်ကျစ်လုပ်ပြီး လမ်းလျှောက်တတ်သည်။

ဝတ်ထားတာလည်း ကြည့်ပါဦး၊ နှုတ်ခမ်းမွေးနှင့် ကုလားဒိန်လိုကောင်က ကြား၍မတော်သော အသံထွက်သည့် စာတန်းပါ စပို့ရှပ်အင်္ကျီလက် ကိုးလိုးကန့်လန့်ပြတ်နှင့် ဂျင်းဘောင်းဘီ ပေညစ်ညစ်။

တရုတ်ကားထဲမှ လူမိုက်ပုံစံကောင်က ရှန်သားလို ခပ်ပါးပါးအသားနှင့် ဆေးရုံတွင် ဂျာဒူးဝါလားမများဝတ်သည့် အင်္ကျီပုံစံမျိုးချုပ်ထားသောအင်္ကျီတွင် ပုတီးစေ့လား ဘာလားမသိ၊ တွဲလောင်းတွေပါသည်။ အောက်ပိုင်းတွင် နှစ်ထွာလောက်အစနှင့် ဘောင်းဘီ။

ကျန်ဘိန်းစားညှော်မိနေသော ပုံစံနှင့်ကောင်ကတော့ အောက်ကစွပ်ကျယ်လက်ရှည်ကို အင်္ကျီရဲရဲခံ၍ ပုဆိုးအပြာတစ်ထည် အောက်ကနေ ခံဝတ်ထားပြီး အင်္ကျီပေါ်တွင် ဂျင်းဂျာကင်တစ်ထည် ထပ်ဝတ်ထားသည်။

ကဲ... ထားတော့၊ ဝတ်တာစားတာကတော့ ခေတ်မီအောင် ဝတ်တာဆိုပြီး နိုင်ငံခြားက ကလေကချေများကို ထောက်ပြချင်ထောက်ပြ၊ အကျင့်လေးများကျတော့ သည့်ထက်ပိုဆိုးသည်။

"ဒါ ဟိုနေ့ကဟာတွေ မဟုတ်ဘူးကွ"

ပေါ်ဦးက ခပ်စိုက်စိုက်ကြည့်ရင်း ခပ်တိုးတိုးပြောသည်။

"အင်း . . . ဒါတွေကသက်သက်"

ကျွန်တော် ခေါင်းညိတ်ရင်း ပြန်ပြောသည်။

ကျွန်တော်တို့ ရည်ညွှန်းပြောဆိုသော "ဟာတွေ"ဆိုသည်မှာ သူတို့နောက်တွင်ကပ်ပါသော အမျိုးကောင်းမလေးနှစ်ယောက်ကို ဖြစ်သည်။

ထဘီခြေဖျားဖုံး၊ လည်ဟိုက်လက်ပွအင်္ကျီ၊ ဆံပင်ကောက်ကောက်ထိုးထိုးထောင်ထောင်နှင့် ဆတ်တောက်ဆတ်တောက်မလေးနှစ်ယောက်။ တစ်ယောက်က ပါးရိုးချောင်ချောင်၊ ညှပ်ရိုးတွင်းနက်နက်၊ လက်ပွအင်္ကျီလက်တွင်းမှ ကျူရိုးနှစ်ချောင်းလို ထွက်လာသော လက်မောင်းနှင့် တစ်စက်မှ မင်္ဂလာမရှိသော အနက်ရောင် အထက်အောက် ဆင်တူဝတ်ထားသည်။

ကျန်တစ်ယောက်က မျက်နှာပေါ်မှာ ရောင်စုံပြောင်တင်းတင်းဆေးခြယ်၍ အခါမရွေး ရှုမ္ဘက်ခိုးဝေနေသည့် မျက်လုံးပိုင်ရှင်။ ဘာပုံမှန်းမသိသည့်အင်္ကျီကို ဘယ်လိုချုပ်ထားမှန်း မသိသောထဘီနှင့် ဝတ်ထား၏။

"အဲဒါပေါ့ကွ၊ ကံ့ကော်တောက ခွေးချေးတွေဆိုတာ"

ပေါ်ဦး လေသံကြောင့် ကျွန်တော် ရယ်လိုက်မိသည်။

"ဘယ်များ အလေလိုက်ကြဦးမလဲ မသိဘူး"

သူပြောလည်း ပြောစရာဖြစ်၏။ သည်ကောင်တွေကို အလိုလိုမျက်မုန်းတန်းမိပြီးဖြစ်နေသဖြင့် သူတို့ ဘာလုပ်သည်၊ ဘာကိုင်သည်ဆိုသည်များကိုပါ သတိပြုမိနေသည်။

စာသင်ခန်းထဲတွင် တစ်ခါမှမတွေ့ဖူးသော်လည်း တစ်နေ့တစ်နေ့ သည်ကားတစ်စင်းနှင့် တင်တင်ခေါ်သွားသည့် သည်လိုကောင်မလေးမျိုးများမှာ မနည်းတော့။

မျက်နှာပြောင်းတပ်ထားသော ပုံစံတူလေးများ။

"တို့တက္ကသိုလ်မှာ ဒီလိုလူတွေ၊ ဒီလိုမိန်းမမျိုးတွေရှိတာ သိပ်နာတယ်ကွာ"

ကျွန်တော်ခေါင်းထဲတွင် ဆရာသိန်းဖေမြင့်၏ သပိတ်မှောက်ကျောင်းသားထဲမှ ပျော်ပွဲစားရုံ၊ တပင်ရွှေထီးဇာတ်ကို အမှတ်ရလိုက်၏။

"ဒါကတော့ကွာ တက္ကသိုလ်နဲ့ မဆိုင်ပါဘူး။ လူ့စရိုက် လူ့အမှိုက်တွေပါ"

"အေးလေ . . . ဒါတော့ ဒါပေါ့။ ဒါပေမဲ့ အပြင်က လူတစ်ယောက်ယောက်ကများ ဒါတွေကိုတွေ့လို့ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေမှန်းသိရင် ဘယ်လောက် ရှက်စရာကောင်းလိုက်မလဲ"

သူ့စကားအဆုံး ကျွန်တော် ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။ ပေါ်ဦးက မျက်စောင်းခံ၍-

"မင်းက ဘာရယ်တာလဲ"

ကျွန်တော်က သူ့ဒေါသကို အရယ်ဖြင့်သာ တုံ့ပြန်ရင်း

"ပေါ်ဦးရယ် . . . ယိုသူမရှက်၊ မြင်သူရှက် လုပ်မနေစမ်းပါနဲ့။ ကာယကံရှင်တွေကတောင် မရှက်တတ်တာ"

"ဟ . . . ရွာနာတယ်ကွ"

"နာတယ်ထင်ရင်ကိုယ်မလုပ်နဲ့ပေါ့ ပေါ်ဦးရာ။ အဲဒီလိုလူမျိုးနဲ့ မပေါင်းနဲ့ပေါ့။ မင်းမယုံရင်ကြည့်ပါ၊ ဒါမျိုးတွေက တက္ကသိုလ်မှာ ကြာကြာမခံပါဘူး။ မင်းကြားဖူးမှာပေါ့၊ ခွေးရူးကောင်းစား တစ်မွန်းတည့်ဆိုတာ"

"အဲဒီ တစ်မွန်းတည့်အတွင်းမှာ ဒီခွေးရူးတွေကိုက်လို့ တစ်လောကလုံး ခွေးရူးတွေဖြစ်ကုန်မှာ မင်း မစိုးရိမ်ဘူးလား"

(ဆက်လက်ဖော်ပြပါမည်)

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၈-၈-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၄၆၀။ | ဦးဟန်ဇော်ထွန်းနှင့်ဇနီး ဒေါ်ယုယုဝင်း မိသားစုကောင်းမှု | ၅၀၀၀၀၀၀ |
| ၉၄၆၁။ | ဦးကိုကိုနိုင်နှင့် ဦးထက်အာကာမိသားစုများကောင်းမှု | ၅၀၀၀၀၀၀ |
| ၉၄၆၂။ | ဒေါ်စိန်လှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၉၄၆၃။ | ကွယ်လွန်သူ ဘိုးဘွား၊ မိဘများနှင့် ဇနီးဒေါက်တာဒေါ်ညိုညို၊ မောင်ရဲထွဋ်တို့အားရည်စူး၍ ဦးသိန်းဟန်၊ (သား)ဗိုလ်မှူးချုပ်ဇော်မျိုးဟန်နှင့်ဇနီး ဒေါက်တာခိုင်မာအောင်၊ (သား)ဦးရဲမျိုးဟန်နှင့် ဒေါက်တာအေးမြသက်၊ မြေးများကောင်းမှု | ၅၀၀၀၀၀ |
| ၉၄၆၄။ | ကွယ်လွန်သူ ဦးဘိုးဆိုင်နှင့် ဒေါ်သင်း၊ ဆရာဦးတင်နှင့် ဒေါ်ရွှေမြင့်တို့အားရည်စူး၍ ဦးမြသန်းနှင့်ဇနီး ဒေါ်မြသင် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၄၆၅။ | ဦးမျိုးသန့်နှင့်ဇနီး ဒေါ်အေးအေး၊ (သား)မောင်နေထွန်းလင်း နှင့်ဇနီး မအိအိမိုး၊ (မြေး)မလေပြေသွေး(ခ)မသဲသဲတုန် မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၄၆၆။ | ဦးမြင့်သိန်းနှင့်ဇနီး ဒေါ်သန္တာစိုးမိသားစုကောင်းမှု | ၂၇၀၀၀၀ |
| ၉၄၆၇။ | ကွယ်လွန်သူ ဒေါ်ခင်တင့်အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၄၆၈။ | ကွယ်လွန်သူ ရဲမှူးကြီးမိုက်ကယ်လှမြင့်(ငြိမ်း)အား ရည်စူး၍ ဇနီး ဒေါ်တင်တင်မြင့်၊ (သမီး)ဒေါ်ခက်ခက်ခိုင်၊ ဒေါ်နှင်းနုနုနိုင်၊ (သား)ဦးမြင့်မိုင်မိုင်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၄၆၉။ | ကွယ်လွန်သူ ဦးသိန်းစိုးလေးနှင့် ဦးမောင်တို့အား ရည်စူး၍ ဦးနေမိုးမြင့်နှင့်ဇနီး ဒေါ်စိုးစန္ဒာခိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၀။ | ဦးနေရှိန်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၁။ | ဦးဖေသန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၂။ | ဦးကိုကိုနှင့်ဇနီး ဒေါ်ယမင်းခိုင်၊ (သမီး)မချမ်းမြေ့ကိုကို၊ (သား)မောင်ဖွဲ့ထက်ကိုကို မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၃။ | ဗိုလ်မှူးကြီးဆက်ဆွေ(ငြိမ်း)နှင့်ဇနီး ဒေါ်ထွေးထွေးမြင့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၄။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဒုတိယဗိုလ်မှူးကြီးဆန်းဦးလွင်(ငြိမ်း)နှင့်ဇနီး ဒေါ်ချိုချိုငယ် (သား)မောင်အောင်သီဟကျော်၊ ဗိုလ်လောင်းဝဏ္ဏထွန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၅။ | ဗိုလ်ကြီးဝင်းကိုကို(ငြိမ်း)နှင့်ဇနီး ဒေါ်အိအိစိုး၊ (သား)ဗိုလ်ကြီးနိုင်ဝင်းသူ၊ မောင်လှိုင်ဝင်းသူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၆။ | ဦးမျိုးမင်းနှင့်ဇနီး ဒေါ်သဉ္ဇာဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၇။ | ကိုအောင်ကျော်စိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၄၇၈။ | ဦးအေးသိန်းမိသားစုကောင်းမှု | ၉၀၀၀၀ |
| ၉၄၇၉။ | ဦးသုခရှိန်မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၉၄၈၀။ | မိဘများအားအမှူးထား၍ ဒေါ်မေသူနှင့် သမီးများ ကောင်းမှု | ၇၀၀၀၀ |
| ၉၅၈၁။ | ဦးအောင်ကျော်မြနှင့်ဇနီး ဒေါ်နွယ်နွယ်အေးမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၉၄၈၂။ | ဦးကောင်းမြတ်ကျော်နှင့်ဇနီး ဒေါ်ဆွေဇင်ဦးမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၉၄၈၃။ | ကွယ်လွန်သူအဘွားဖြစ်သူအားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၈၄။ | ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ ဝန်ထမ်းများ ကောင်းမှု | ၅၀၀၀၀ |
| ၉၄၈၅။ | ဦးတင်ဆန်းနှင့်ဇနီး ဒေါ်ခင်စောလှ၊ (ညီမ)ဒေါ်တင်မေနွဲ့ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၈၆။ | မောင်ဟိန်းသုတဝင်း မွေးနေ့ကောင်းမှု | ၅၀၀၀၀ |
| ၉၄၈၇။ | အနန္တောအနန္တငါးပါးဦးထိပ်ထား၍ ဒေါ်မြတ်မွန် ကောင်းမှု | ၅၀၀၀၀ |
| ၉၄၈၈။ | ကွယ်လွန်သူဦးဘောဖီးအား ရည်စူး၍ ကျန်ရစ်သူမိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၉၄၈၉။ | ကွယ်လွန်သူ ဗိုလ်မှူးကြီးတင့်လွင်(ငြိမ်း)အား ရည်စူး၍ မိခင်ကြီး ဒေါ်အေးအေးသန်းနှင့် သား/သမီး/မြေးတစ်စု ကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၀။ | ရှမ်းပြည်နယ်၊ ပြည်နယ်အုပ်ချုပ်ရေးမှူး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၁။ | ဦးချစ်ကိုကိုအောင်နှင့်ဇနီး မကေသွယ်ခိုင်၊ (သမီး)မခေတ်ပီတိချိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၂။ | ဦးမျိုးဆွေနှင့်ဇနီး ဒေါ်မူမူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၃။ | ဦးနေမျိုးသူနှင့်ဇနီး ဒေါ်နွယ်နွယ်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၄။ | ဦးတော်မိနှင့်ဇနီး ဒေါ်အိ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၅။ | ဦးဝင်းဦးနှင့်ဇနီး ဒေါ်ဝေဝေစိုး၊ (သား)မောင်ထူးထက်အောင်၊ (သမီး)မဆောင်းရွှေရည်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၆။ | ဒေါက်တာကျော်သူရနှင့်ဇနီး ဒေါ်မြမြသွေး၊ (သမီး)မမြတ်အိန္ဒြေကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၇။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်မေရှမ်း၊ (သမီး)မသီရိသူ၊ မချမ်းမြေ့သူမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၈။ | နှစ်ဖက်သောမိဘများအားရည်စူး/အမှူးထား၍ ဦးအောင်မင်းထက်နှင့်ဇနီး ဒေါ်စောသွယ်မွှေး၊ (သား)မောင်ဘုန်းမင်းမြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၄၉၉။ | ဦးစိုးအောင်နှင့်ဇနီး ဒေါ်ကြူကြူဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၀၀။ | ဒေါ်မာလာစိုးဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၀၁။ | ဦးမင်းအောင်နှင့်ဇနီး ဒေါ်စိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၀၂။ | ကွယ်လွန်သူ ဦးခင်မောင်သွင်အားရည်စူး၍ ဒေါ်ခင်စန်းဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၅၀၃။ | ဦးအောင်စိုးဦးနှင့်ဇနီး ဒေါ်နေခြည်လွင်၊ (သား)မောင်ကောင်းဆက်လှ၊ မောင်ရဲရင့်ဘုဏ်းပြည့် မိသားစု ကောင်းမှု | ၅၀၀၀၀ |
| ၉၅၀၄။ | ဦးအောင်တင်နှင့်ဇနီး ဒေါ်ခင်နှင်း မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

**ဖခင်အမည်မှန်**

ရေးခရိုင်၊ ရေးမြို့နယ်၊ အထက(တောင်ဘုံ)၊ Grade (12)မှ မမိုးဝါ၏ ဖခင် အမည်မှန်မှာ ဦးမောင်ငယ် [၁၀/ရမန (နိုင်) ၂၃၅၄၇၆] ဖြစ်ပါကြောင်း။

**ဦးမောင်ငယ်**

**ဖခင်အမည်မှန်**

ရေးခရိုင်၊ ရေးမြို့နယ်၊ အထက(တောင်ဘုံ)၊ Grade (12)မှ မကေသမီ၏ ဖခင် အမည်မှန်မှာ ဦးသန်းနိုင် [၁၀/ရမန (နိုင်) ၁၃၂၂၆၂] ဖြစ်ပါကြောင်း။

**ဦးသန်းနိုင်**

**ဖခင်အမည်မှန်**

ရေးခရိုင်၊ ရေးမြို့နယ်၊ အထက(တောင်ဘုံ)၊ Grade(9) မှ မလမင်းကဗျာ၏ ဖခင် အမည်မှန်မှာ ဦးအေးကျိုင်း [၁၀/လမန(နိုင်)၀၀၄၄၃၇] ဖြစ်ပါကြောင်း။

**ဦးအေးကျိုင်း**

**ဖခင်အမည်မှန်**

ရေးခရိုင်၊ ရေးမြို့နယ်၊ အထက(တောင်ဘုံ)၊ Grade(11) မှ မကြည်အေးပွင့်၏ ဖခင် အမည်မှန်မှာ ဦးစိုးမြင့်ဝင်း[၁၀/ ရမန (နိုင်) ၁၂၈၀၇၃] ဖြစ်ပါကြောင်း။

**ဦးစိုးမြင့်ဝင်း**

**ဖခင်အမည်မှန်**

ရေးခရိုင်၊ ရေးမြို့နယ်၊ အထက(တောင်ဘုံ)၊ Grade(12) မှ မောင်စိုက်ထော၏ ဖခင် အမည်မှန်မှာ ဦးချစ်လွန်း[၁၀/ လမန (နိုင်) ၀၁၄၆၃၀] ဖြစ်ပါကြောင်း။

**ဦးချစ်လွန်း**

**ဖခင်အမည်မှန်**

ရေးခရိုင်၊ ရေးမြို့နယ်၊ အထက(တောင်ဘုံ)၊ Grade(11) မှ မမေသဒ္ဒါ၏ ဖခင် အမည်မှန်မှာ ဦးမြင့်လွင်[၁၀/ ရမန (နိုင်) ၁၂၆၄၂၆] ဖြစ်ပါကြောင်း။

**ဦးမြင့်လွင်**

**အမည်ပြောင်း**

ရေးခရိုင်၊ ရေးမြို့နယ်၊ အထက(တောင်ဘုံ)၊ Grade(2) မှ (အဖ)ဦးအောင်လင်းထွန်း [၁၀/ရမန (နိုင်) ၁၅၈၆၇၄]၏ သား မောင်မင်းညီလင်းထွဋ် အား မောင်ညီလင်းထွဋ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ညီလင်းထွဋ်**

## (၂၃)ကြိမ်မြောက် ကမ္မဝါဇာသာမဏေကျော်စာမေးပွဲ

တောင်ကြီးမြို့၊ အတုလမာရဇိန် ဆုတောင်းပြည့်မြတ်စွာဘုရားမြို့လယ် ဓမ္မာရုံဂေါပကအဖွဲ့က ဦးဆောင်ကျင်းပသော (၂၃)ကြိမ်မြောက် သာမဏေကျော်စာမေးပွဲကို (၁၃၈၆-ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈၊ ၉၊ ၁၀ ရက်တွင်) ကျင်းပမည်ဖြစ်ပါကြောင်း နိုင်ငံတစ်ဝန်းလုံးရှိ ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ကြီးများသို့ ရိုသေစွာလျှောက်ထားအပ်ပါသည်။

**ကမ္မဝါဇာသာမဏေကျော်စာမေးပွဲကျင်းပရေးအဖွဲ့**
**ရှမ်းပြည်နယ်၊ တောင်ကြီးမြို့**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂၇/B၊ မြေကွက်အမှတ်- ၃၅ A/၅၊ အကျယ်အဝန်း (၀.၂၀၁) ဧကရှိ ဂရန်ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ခတ္တာလမ်း၊ အမှတ်- ၁၅ ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်ဌေးဌေးဝင်း [၁၂/ပဘတ(နိုင်) ၀၀၂၀၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စ ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၉၅၂၇)**
**တိုက် C2A၊ အခန်း(၁၁၀)၊ (ပ-ထပ်)၊Time Square Condo၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၉၆၅၁၇၈၀၁၈၊ ၀၉-၂၅၀၀၆၀၃၁၃**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် -၁၀၆

| | | |
|---|---|---|
| ကမ္ဘောဇဘဏ်လီမိတက် (၎င်းအတွက်တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ပြည့်ပြည့်ခင် ရာထူး အကြီးတန်းမန်နေဂျာ) | နှင့် | ၁။ ဒေါ်တင်သိမ်း ၂။ ဒေါ်တင်တင်အုန်း (ကွယ်လွန်သူ ဦးနေမျိုးထွန်း(ခ) ဦးမောင်မောင်၏ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် ရရန်ပေးရန် ငွေကြေးများအတွက် အမွေထိန်းလက်မှတ်စာနှင့် အမွေဆက်ခံရန် သက်သေခံလက်မှတ်ရရှိထားသူများ) |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ ကျောက်နဂါးဆိုင်အပေါ်ထပ်၊ သီတာလမ်း၊ အမှတ်-၃၉၊ ၃-လွှာနေ ဒေါ်တင်တင်အုံး (က/သ လယ်ယာ) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ ကမ္ဘောဇဘဏ်လီမိတက်က **အပေါင်ပစ္စည်းကိုရောင်းချ၍ အပေါင်ချေးငွေကိုပြန်လည်ပေးဆပ်စေလိုမှု** ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်၊ (၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆုတ် ၂ ရက်)နေ့ မွန်းမတည့်မီ ၁၀:၃၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နိုင်လင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ငွေသီရိ (၂)လမ်း၊ အမှတ်-၁၀၇ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်- ၃၀၊ မြေကွက်အမှတ်- ၁၀၇၊ ဧရိယာ(၀.၀၆၉)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်တို့၏ အမည်ပေါက်သူ ဒေါ်အိအိဖြိုးနှင့် ကျွန်ုပ်၏မိတ်ဆွေက အရောင်းအဝယ်ပြုလုပ်၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါမြေကွက်၊ နေအိမ်အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နှင့် နေအိမ်အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်လှတင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၅)**
**အမှတ်- ၁၃၈/၁၊ သစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၀၂၂၄၄၊ ၀၉-၄၅၅၀၂၂၄၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ်(တ/၆)၊ ဦးပိုင်အမှတ်(၆၆-က)၊ ၆၂x၆၃လမ်းကြား၊ ၁၀၃x၁၀၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းမောင်၏ (SP ရရှိသူ ဒေါ်မြသွေး)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၀၄၆/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မိုးတင့်[၈/ရစက(နိုင်)၀၀၀၈၄၁]က အမှုတွဲအမှတ် (၂၇၄၉/၂၀၂၄-၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ ကျောင်းကြီးလမ်း၊ အမှတ် (၈၃/၈၅)မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၈)ထပ်တိုက်၏ သတ္တမထပ်၊ ၈-လွှာ (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၂၅x၅၀)ပေရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နွယ်နီအောင် [၁၂/စခန(နိုင်) ၀၀၅၄၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မာမာဆွေ [၁၄/ဒဒရ(နိုင်) ၁၀၈၁၉၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**.လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မိုးခင်အိ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၅၁)**
**အမှတ်(၃၇)၊ ပွဲစားလမ်း၊ အိုးဘိုရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၄၃၀၇၁၁၄၈**

## အများသိစေရန်ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဃ)ရပ်ကွက်၊ ဝေပုလ္လ(၃)လမ်း၊ အမှတ်(၁၀၅)၊ မြေညီထပ်၊ (၁၈ ပေx ၅၄ ပေ) အကျယ်အဝန်းရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူ၍ လက်ဝယ်ထားရှိသူ ဦးကျော်လင်း(ခ) ဦးကျော်ကျော်မင်း [၁၃/နခတ(နိုင်)၀၀၂၇၇၀] က ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမျိုးမင်းဟန် [၁၂/ဥကမ(နိုင်) ၂၁၅၄၁၈]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူ မည်သူမဆို ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြတ်စုမိုး (LL.B,D.B.L)**
**အထက်တန်းရှေ့နေ (စဉ်-၄၉၅၈၀)**
**No.(12N)၊ ဂရုဏာလမ်း၊ ရွှေနှင်းဆီရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်**
**ဖုန်း-၀၉- ၂၅၄၄၄၂၈၉**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အောင်ချမ်းသာ (၁)လမ်း၊ အနောက်အောင်မြေသာစည်အိမ်ရာ၊ တိုက်(၅)၊ အခန်း(၅၀၃)၊ (၆-လွှာ)၊ ယာဘက်အခန်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်အုန်းလှ [၁၂/ကမရ(နိုင်)၀၁၉၃၂၈] အမည်ပေါက်သည့်တိုက်ခန်းအား ဦးကျော်ကျော်လတ် [၁၂/သကတ(နိုင်)၀၈၈၂၈၀] (ကွယ်လွန်)က အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ၎င်း၏ဇနီးဖြစ်သူ ဒေါ်အေးအေးဝင်း [၅/ကသန(နိုင်)၀၂၂၆၃၅]မှ ၎င်းတစ်ဦးတည်းသာ တရားဝင် လက်ရှိထား ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံလျက် ပြန်လည်ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်အိကေဇင်** | **ဒေါ်အိအိမွန်** | **ဒေါ်မေသူထွန်း** |
| **(LL.B,D.B.L,D.I.L,D.I.P.L)** | **(LL.B,D.B.L,D.I.P.L)** | **(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၇၇၂၃)** | **(စဉ်-၅၀၂၈၆)** | **(စဉ်-၅၀၂၄၇)** |

**အမှတ်(၇၀)၊ ၅-လွှာ (ဘီ)၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၈၅၉၆၁၅၄၊ ၀၉-၄၂၀၃၁၉၄၂၊ ၀၉-၄၅၄၈၄၈၇၂၇**

## ဖခင်အမည်မှန်

နတ်တလင်းခရိုင်၊ ဇီးကုန်းမြို့နယ်၊ (အ.ထ.က) မြို့မကျောင်း Grade - 9 မှ မလပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်ထွန်းဝင်း [၇/ဇကန (နိုင်) ၀၃၄၁၈၇] ဖြစ်ပါသည်။

## အမည်မှန်

စမ်းချောင်းမြို့နယ်၊ အထက(၂) စမ်းချောင်းမှ (ဘ) ဦးညံ့ဆင်၏သမီး ဒေါ်နန့်တင်တင်ဌေး [၁၂/စခန (နိုင်) ၀၆၃၈၅၇]၏ အမည်မှန်မှာ ဒေါ်တင်တင်ဌေး ဖြစ်ပါကြောင်း။ **ဒေါ်တင်တင်ဌေး**

## မော်တော်ဆိုင်ကယ် မှတ်ပုံတင်စာအုပ်ပျောက် လျှောက်ထားခြင်း

မော်တော်ဆိုင်ကယ် အမှတ် 70W/28559 ယာဉ်လက်ဝယ်ရှိသူ ဦးရဲဝင်းထွန်း [၇/ပတန (နိုင်) ၀၈၉၈၁၄]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န၊ ခရိုင်ရုံး (သထုံ)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၃ ရပ်ကွက်၊ အကွက်အမှတ်(C-၂)၊ ဦးပိုင်အမှတ်(၈၃-က)၊ ၆၃(A) လမ်း၊ ၁၀၇x၁၀၈ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးမျိုးခိုင် (ဘဏ်ခွဲတာဝန်ခံ ရောဝတီဘဏ်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အစည်းအဝေးမှတ်တမ်းအရ (၁၅/၉/၂၀၂၃)ရက်နေ့ (မန္တလေးဘဏ်ခွဲ ၂၄) မန်နေဂျာ ဒေါ်လွင်မာဝင်းက တာဝန်ယူလက်မှတ်ထိုးသည်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၄၁၆/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ညိမ်းချမ်းအေး [၉/စကတ(နိုင်)၀၆၃၀၂၆] က အမှုတွဲအမှတ်(၂၇၄၆/၂၀၂၄-၂၀၂၅) ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း ဦးနေလင်းဦး မှ အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ထ/၁၆ ရပ်ကွက်နေ (ဘ)ဦးတင်စမ်း၏သားဖြစ်သူ ဦးနေလင်းဦးမှ အများသိစေရန်ကြေညာအပ်သည်မှာ-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေလင်းဦး [၁၂/ရပသ(နိုင်) ၁၉၄၄၂၀]နှင့် ဒေါ်ဖူးပွင့်ဝေ [၁၄/ဟသတ(နိုင်) ၃၈၅၅၅၃]တို့သည် ၂၀၁၈ ခုနှစ်မှစတင်၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ရာမှ သမီးလေး (၁)ယောက် မွေးဖွားထွန်းကားခဲ့ပြီး ယခုအခါ ကျွန်ုပ်၏မိတ်ဆွေ ဦးနေလင်းဦးနှင့် ဒေါ်ဖူးပွင့်ဝေတို့မှာ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိကြတော့သောကြောင့် (၆-၈-၂၀၂၄)ရက်နေ့တွင် တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါသဖြင့် ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်ဖူးပွင့်ဝေတို့မှာ မည်သို့မျှ ဆက်စပ်သက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံး တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေလင်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးစံပယ်ထွေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၄၈)**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉- ၇၉၉၇၄၁၃၃၂၊ ၀၉- ၄၂၉၁၃၇၈၄၃**

## မိခင်အမည်မှန်

သထုံမြို့နယ် အ.ထ.က-၂ ကျောင်းမှ မဇင်မီမီအောင် Grade-12 နှင့် မဇင်ဖူးစုံအောင် Grade-10 တို့၏ မိခင်အမည်မှန်မှာ ထီးခုဖော[၁၀/သထန(နိုင်) ၁၃၂၃၃၇]ဖြစ်ပါကြောင်း။

**ထီးခုဖော**
**[၁၀/သထန(နိုင်)၁၃၂၃၃၇]**

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ Fame ကိုယ်ပိုင်အထက်တန်းကျောင်း G-10 တွင် ပညာသင်ကြားနေသော အဖ ဦးအောင်မျိုးခိုင် [၉/ဒပန (နိုင်)၀၄၆၇၄၃]၏သမီး မရွှေဝတီခိုင် အမည်မှန်မှာ မရွှေထိပ်ထားဦး ဖြစ်ကြောင်း။

## အများသိစေရန်ကြေညာချက်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-အနံ့ဇုန်အနီး (ဒလဘမ်း)၊ စည်ပင်လမ်း၊ မြေကွက်အမှတ်(၁)တွင် (၁)ထပ် Steel (Pitch Roof) (Hair Cleaning Warehouse) အဆောက်အဦ(၁)လုံး ဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏၁၆-၃-၂၀၁၇ ရက်နေ့ထုတ် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ် (စက်မှုလက်မှုလုပ်ငန်းဆောင်ရွက်ရန်အတွက်သာ) အမည်ပေါက် ဦးရွှေထူး (၁၃/နဆန(နိုင်)၀၂၂၈၃၃)မှ တင်ပြလျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြထားသော အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ်မှာ (၃)နှစ်ကျော်လွန်နေပါသဖြင့် အဆောက်အဦဆောက်လုပ်ခွင့် တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၁၅၁၊မြေကွက်အမှတ်-၂၃၆၃+၂၃၆၄၊မြေကွက်တည်နေရာအမှတ်(၂၃၆၃+၂၃၆၄)၊လှော်ကားလမ်း၊(၁၅၁)ရပ်ကွက်၊ဒဂုံဆိပ်ကမ်းမြို့နယ်၊ဦးစောစိန်ထွန်းအောင်(၈/မဘန(နိုင်)၀၀၅၄၀၈)အမည်ပေါက်ပါမစ်မြေအားပါမစ်အမည်ပေါက်-ဦးစောစိန်ထွန်းအောင်(၈/မဘန(နိုင်)၀၀၅၄၀၈)ထံမှအရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူသူဦးစောထက်စိုးအောင်(၉/မမန(နိုင်)၀၈၇၇၆၂)မှမှတ်ပုံတင်စာရင်းရေးသွင်းထားခြင်းမရှိသောပါမစ်မူရင်းတင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားမြေပြင်ကွင်းဆင်းစစ်ဆေးရာမြေကွက်လပ်ဖြစ်ပြီးလျှောက်ထားသူမှကွင်းဆင်းသိရှိကြောင်းလက်မှတ်ရေးထိုးတင်ပြထားပါသဖြင့်ဦးစောထက်စိုးအောင်မှပါမစ်မူရင်းတင်ပြ၍နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ (၉)ရပ်ကွက်၊ စိန်စီဂုဏ်ရောင်လမ်း၊ မြေကွက်အမှတ်(၂၁၂/က)ဟုခေါ်တွင်သော အကျယ်အဝန်း(၂၀ x ၆၀)ပေရှိ ဦးတင်အေး အမည်ပေါက် ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲစိတ်ရသေးသော (လမ်းမှရပ်၍ မြေကွက်ဘက်သို့မျက်နှာမူလျှင် ဘယ်ဘက်အခြမ်း) အကျယ်အဝန်း(၁၀x၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ချိုချိုဝင်း [၁၂/ဗဟန(နိုင်)၀၃၆၆၉၉] ကိုင်ဆောင်သူမှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝင်းမို့မို့ [၁၂/ကတန(နိုင်)၁၈၃၅၆၆]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင်းမို့မို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၂၅၀)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉- ၇၇၇၂၉၁၇၇၅၊ ၀၉- ၄၅၂၄၁၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

